# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၂၄)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# မြန်မာ့တပ်မတော်တွင် ကလေးစစ်သားများရှိနေပြီး ရှေ့တန်းစစ်ဆင်ရေးများတွင် အသုံးပြုနေကြောင်း ပြည်ပြေးသစ္စာဖောက် အဆိုးမြင်ဝါဒီများက မဟုတ်မမှန်လုပ်ကြံဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေ အရွယ်မရောက်သေးသော ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းသည် မရှိသလောက်နည်းပါး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှသာလျှင် တပ်သားသစ်အဖြစ် လက်ခံ ကိုယ်ခန္ဓာအချိုးအစားငယ်လွန်းသည့် ကလေးငယ်များကို နောက်တန်း၌သာ ပေါ့ပါးသည့်တာဝန်များပေးထား

**နေပြည်တော် ဩဂုတ် ၂၂**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ပဥ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ❐ စစ်သားစုဆောင်းရေးဆိုင်ရာ မူဝါဒများကို ၁၉၄၇ ခုနှစ် ကပင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့် အပြင် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေအရလည်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထား။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

# နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိစေရေး ကျောက်မျက်ထုတ်လုပ်မှုနှင့်ရောင်းချမှုဟန်ချက်ညီရေးကြိုးပမ်း

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပုလဲ စသည့် ရတနာပစ္စည်းများသည် အရည်အသွေးကောင်းသဖြင့် နိုင်ငံတကာ ဈေးကွက်တွင် ရေပန်းစား ရောင်းအားကောင်းလျက်ရှိသည်။

ယနေ့အခြေအနေတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်ပဝယ်လိုအားများလည်း တိုးတက်များပြားလာမှုကြောင့် ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက်ရော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်ပါ အကျိုးဖြစ်ထွန်း စေလျက်ရှိသည်။

နိုင်ငံပိုင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ တူးဖော်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ စနစ်တကျရှိစေရေးအတွက် နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ပေးထားပြီး ထုတ်လုပ်ရောင်းချမှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စေရေးအတွက်လည်း ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မျက်နှင့် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများမှာ အရင်းအနှီးများစွာ စိုက်ထုတ်လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်သည့်အပြင် တောတောင်များအတွင်း ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်သည်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံထားသော ငွေရင်းများ မြန်မြန်ပြန်ရပြီး အကျိုးအမြတ် အမြန်ရရှိစေရန် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်၊ ကျောက်စိမ်းများကို အချိန်သတ်မှတ်ချက်မထားဘဲ နိုင်ငံတော်က ပြပွဲများပြုလုပ် ခင်းကျင်း ရောင်းချပေးလျက်ရှိသည်။

ကျောက်မျက်ရတနာများမှာ နိုင်ငံတော်ပိုင် သယံဇာတပစ္စည်းများဖြစ်၍ ကျောက်မျက်တူးဖော်ထုတ်လုပ်သူများအနေဖြင့် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာမက နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးဖြစ်ထွန်းစေရေး ရှေးရှုလုပ်ဆောင်သွားကြရန် လိုအပ်ပေသည်။

နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ကျောက်မျက်ရတနာထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီ လက်တွဲကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိမည်ဖြစ်ပေသည်။ ။

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း(ဗဟန်း၃လမ်းမှတ်တိုင် အနီး) တွင် အမှတ်၁၆၁ ကျိုက္ကဆံလမ်း ကျောက်မြောင်း တာမွေမြို့နယ် နေ မိဘများ ဖြစ်သော ဦးစိန်ဖေ-ဒေါ်အေးရင်၊ ဦးနာစီ - ဒေါ်လှရင်၊ ဒေါ်လှရင် နှင့် ခင်ပွန်း ဦးခင်အောင်တို့အားရည်စူး၍ ဒေါ်သန်းမြင့်၏ ၈၁နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

**၂၃-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၃)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ညီနှိုင်းအစည်းအဝေး၌ တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်း အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၂

**မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ပထမအကြိမ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယမန်နေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှငွေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အသင်းများ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပို့ကုန်၊ သွင်းကုန်တင်ပို့ရောင်းချမှု အခြေအနေ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ထုတ်လုပ်တင်ပို့ရောင်းချမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်သန်းက ကမ္ဘာ့သစ်သီးဝလံ ဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့မှု အခြေအနေနှင့် မြန်မာနိုင်ငံ၏ ဈေးကွက်အခွင့်အလမ်းများနှင့် စိန်ခေါ်မှုခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေး ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစည်းအဝေးဒုတိယပိုင်းကို ညနေ၃နာရီခွဲတွင် ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အမှတ်(၄၀၁) ဆီအုန်းလမ်း ၄၅ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဒေါ်ညွန့်ကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ထာဝရငွေပဒေသာပင် ငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။**
(က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၃-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၇:၃၀ | တေးဂီတအစီအစဉ် |
| ၇:၃၅ | Basic Computer Learning For Beginner (Vol:2) |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၁၅ | သတိပြုသင့်တဲ့ ရင်သားကင်ဆာ |
| ၈:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၃၀ | Celebrity Style (သဇင်) |
| ၉:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၀ | Midweek Sports News |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းအကြောင်း သိကောင်းစရာ |
| ၉:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၀ | Myanmar Video Rhythm |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကျွတ်ယိုမုန့် လုပ်နည်း) |
| ၁၀:၅၅ | တေးဂီတအစီအစဉ် |
| ၁၁:၀၀ | ဗုဒ္ဓသာသနာပြု ပြင်သစ်ဆရာတော်ကြီးအား ဂါရဝပြုတွေ့ဆုံပွဲ |
| ၁၁:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | KND 5B ဒီဇယ်အင်ဂျင် |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁:၂၅ | Charlton - Man:Utd | 5-Sports (Live) |
| | Middlebrough - Chelsea | 5-Series (Live) |

# တပ်သားသစ်များစုဆောင်းရာ၌ ၎င်းတို့၏ဆန္ဒအရ ဝင်ရောက်ခွင့်ပြု နည်းဥပဒေ၊အမိန့်နှင့် ညွှန်ကြားချက်များအတိုင်းသာ လက်ခံခဲ့

● **ရှေ့ဖုံးမှ**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ရန်အတွက် ပြန်လည်သုံးသပ်ညှိနှိုင်းဆောင်ရွက်ကြမည့် အစည်းအဝေးဖြစ်ကြောင်း။

**ထပ်မံတိုးချဲ့ဖွဲ့စည်း**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့စွဲဖြင့် အဖွဲ့ဝင်တချို့အား ထပ်မံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

အရွယ်မရောက်သေးသော ကလေးသူငယ်များအား အတင်းအကျပ်တပ်သားများအဖြစ်စုဆောင်းခြင်းကို ကာကွယ်တားဆီးရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ယင်းသို့ ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်တို့အတွက် မိမိတို့က ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**မရှိသလောက်နည်းပါး**

အဆိုပါ ရည်ရွယ်ချက်အတိုင်း မိမိတို့ကော်မတီသည် ကုလသမဂ္ဂလက်အောက်ခံ ယူနီဆက်ဖ်အဖွဲ့၊ ယူအင်န်ဒီပီ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကြပ်မတ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မိမိတို့တပ်မတော်တွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းသည် မရှိသလောက်နည်းပါးခဲ့ကြောင်း၊ အဆိုပါကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကို ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စစ်သားစုဆောင်းရေးတပ်ရင်းများတွင် စုဆောင်းရရှိသည့် တပ်သားသစ်များနှင့်လည်း အခါအားလျော်စွာ တွေ့ဆုံပေးခဲ့ပြီးလည်း ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် တပ်သားသစ်များအား စုဆောင်းရာ၌ ၎င်းတို့၏ သဘောဆန္ဒအရ ဝင်ရောက်ခွင့်ပြုသော်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှသာလျှင် တပ်သားသစ်အဖြစ် လက်ခံခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ စစ်သားစုဆောင်းရေးဆိုင်ရာ မူဝါဒများကို ၁၉၄၇ ခုနှစ်ကပင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်သည့်အပြင် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေအရလည်း တိတိကျကျသတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ကာကွယ်ရေးဌာနကောင်စီ၏ တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်းဆိုင်ရာ ညွှန်ကြားလွှာများတွင်လည်း တပ်သားသစ်များအား အသက်(၁၈)နှစ်ပြည့်ပြီး ဖြစ်ရမည့်အပြင် ကျန်းမာရေးဆိုင်ရာ အခြားသော အချက်များနှင့်ပြည့်စုံမှသာ လက်ခံရမည်ဖြစ်ကြောင်းကို တိတိကျကျ ညွှန်ကြားထားပါသဖြင့် ထိုနည်းဥပဒေ၊အမိန့်နှင့် ညွှန်ကြားချက်များအတိုင်းသာ တပ်သားသစ်များကို လက်ခံခဲ့ကြခြင်းဖြစ်ကြောင်း။

**ပြန်လည်အပ်နှံ**

သို့သော်လည်း တချို့သောအောက်ခြေရှိ တပ်ဖွဲ့ငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် ဆွေမျိုး မိဘ အသိမပေးခဲ့ဘဲ တပ်သားအသစ်အဖြစ် ဝင်ရောက်လာသူအချို့အား လက်ခံခဲ့ရာ အသက်ငယ်ရွယ်သူတချို့သည် အသက်လိမ်ပြီး ဝင်လာသည်များလည်း ရှိကြောင်း၊ မိဘများသိရှိပြီး ၎င်းတို့အား ပြန်လည်ခေါ်ယူခွင့် တောင်းခံလာသည့်အခါတွင် ပြန်လည်စိစစ်ပြီး ၎င်းတို့ဆန္ဒအရ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း။

အသက်(၁၈)နှစ် ပြည့်သော်လည်း ကိုယ်ခန္ဓာအချိုးအစား ငယ်ရွယ်လွန်းသည့် ကလေးငယ်များကို ရှေ့တန်းစစ်ဆင်ရေးတာဝန်ပေးခြင်းမပြုဘဲ နောက်တန်း တပ်ရင်းဌာနချုပ်များ၌သာ ပေါ့ပါးသည့်အလုပ်တာဝန်များ ပေးထားလေ့ရှိကြောင်း၊ တချို့ စာမတတ်သူကလေးများကို တပ်မတော်ပညာရေးကျောင်းများသို့ ပို့ပြီး ပညာသင်ပေးခဲ့ကြောင်း၊ ထိုသို့ ငယ်ရွယ်သူ တပ်မတော်သားများအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်း၊ ပညာသင်ပေးခြင်းတို့သည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သော အလေ့အကျင့်များပင်ဖြစ်ကြောင်း။

**မဟုတ်မမှန် ဖန်တီးစွပ်စွဲ**

မိမိတို့တပ်မတော်သည် တပ်သားသစ်များအပေါ် ထိုသို့ အလေ့အထကောင်း၊ အစဉ်အလာကောင်းများဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်ပြေး သစ္စာဖောက်အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့တပ်မတော်တွင် ကလေးစစ်သားများရှိနေသည်၊ ရှေ့တန်းစစ်ဆင်ရေးများတွင် အဆိုပါ ကလေးစစ်သားများကို အသုံးပြုနေသည် စသည်ဖြင့် မဟုတ်မမှန် လုပ်ကြံပြီး ပြည်ပမီဒီယာများဖြင့် ပေါင်းကာ မိမိတို့နိုင်ငံအား ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် အတင်းအကျပ် လုပ်အားပေးစေမှု၊ တိုင်းရင်းသူများအား အတင်းအဓမ္မပြုကျင့်မှုတို့ကိုလည်း ပြုလုပ်နေကြောင်းဖြင့် မမှန်မကန် ဖန်တီးစွပ်စွဲလျက်ရှိကြောင်း။

မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ဥပဒေနှင့် အသိမှန်ကန်သော ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်ကြရန်ဖြစ်ပြီး အရွယ်မရောက်သေးသည့် ကလေးသူငယ်များ ဝင်ရောက်လာသည်ကို လက်မခံရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အောက်ခြေအဖွဲ့အစည်းများက တိတိကျကျလိုက်နာဆောင်ရွက်ရေးတို့ကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သောဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် တပ်မတော်ဆိုင်ရာကဏ္ဍ စသည့် ကဏ္ဍများအလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေး စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ဆေးတက္ကသိုလ်(၂)(ရန်ကုန်) ဘွဲ့လွန်သင်တန်းသားသင်တန်းသူများ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ကြည့်ရှုလေ့လာ

**ရန်ကုန် ဩဂုတ် ၂၂**

ဆေးတက္ကသိုလ်(၂) (ရန်ကုန်) ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ တာဝန်ခံဆရာနှင့် ဘွဲ့လွန်သင်တန်းသား သင်တန်းသူခြောက်ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ ရောက်ရှိကြရာ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသင်း၏ ဖွဲ့စည်းပုံအဆင့်ဆင့်တို့ကို ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ပညာရေး၊စီးပွားရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်း ကြီးကြပ်ရေးအဖွဲ့အသီးသီးက တင်သွင်းခဲ့သော သုတေသနစာတမ်းများကိုလည်းကောင်း၊ လှုပ်ရှားမှုဓာတ်ပုံများကို လည်းကောင်း၊ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူလတန်းကြိုကျောင်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဩဂုတ် ၂၂ ရက်က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ဆရာ ဆရာမများ၏ အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်စဉ်။** (မြို့တော်သတင်း)

## ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၂**

ရွှေပြည်သာမြို့နယ် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့က ကြီးမှူးလျက်မဟာသံ့သာရဆရာတော် ဦးကုမာရ၏ မေတ္တာရိပ်ကို ခိုလှုံ၍ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝဏ္ဏိတနှင့် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)တို့ ဦးဆောင်သော မြန်မာလဆန်း ၈ ရက်တိုင်း ဖွင့်လှစ်မြဲဖြစ်သည့်(၇၁)ကြိမ်မြောက်အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို အုတ်ဖိုစုရပ် မြသိန်းတန်ကျောင်းတိုက်ရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း–၆၁၀၈၇၉၊ ၆၁၀၇၁၃ နှင့် ၆၁၀၈၉၃ တို့သို့ ဆက်သွယ် စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့်နေ့တွင် နံနက် ၇ နာရီထက် နောက်မကျဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံထူးရှင်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၂**

International Beverages Trading Co.,Ltd.က စီစဉ်ကျင်းပသည့် ဂရင်းရွိုင်ရယ်၏ ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲအစီအစဉ် (Grand Royal World Cup Winner Event˚)မှ ငွေကျပ်သိန်း ၁၀၀ ကံထူးရှင်အား ဆုချီးမြှင့်သည့် အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။ ရှေးဦးစွာ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဆိုပါ ကုမ္ပဏီလီမိတက်မှ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကာလအတွင်း စီစဉ်တင်ဆက်ခဲ့သည့် နယ်လှည့် ဖျော်ဖြေရေးအစီအစဉ် Grand Royal Cross Country Tour DVD Showကို ပြသသည်။

**ဖျော်ဖြေ**

ထို့နောက် အရောင်းနှင့် ဈေးကွက် မန်နေဂျာ ဦးမိုးသန်းချစ်က ဂရင်းရွိုင်ရယ်၏ အီတလီအသင်း ကံထူးရှင် ကိုအောင်မျိုးမင်းအား ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ပြီး စက္ကောမနှင့် အသံတုရဲမြင့်လေးတို့က မျက်လှည့်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ကံထူးရှင် ကိုအောင်မျိုးမင်းသည် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အမှတ်(၃၁၀)၌ နေထိုင်သူဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**အရောင်းနှင့် ဈေးကွက်မန်နေဂျာ ဦးမိုးသန်းချစ် အီတလီအသင်း ကံထူးရှင် ကိုအောင်မျိုးမင်းအား ငွေကျပ်သိန်း၁၀၀ ကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ကမ်းရိုးတန်းဒေသများ၌ မိုးလျော့နည်းနိုင်

ရန်ကုန် ဩဂုတ် ၂၂

**လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရွေ့လျားခဲ့ပြီး ဆက်လက် တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။**

**ဩဂုတ် ၂၃ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိသည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်သည်ဟု သိရသည်။** (မြန်မာ့အလင်း)

တရုတ်နိုင်ငံ ပေကျင်းမြို့မှထွက်ခွာသောလေယာဉ် တစ်စင်းပေါ်တွင် ခရီးသည်များ အင်တာနက်အသုံးပြုနေသည်ကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

# နျူကလီးယားစွမ်းအင်သည် အီရန်အတွက်အရေးပါ အီရန်သမ္မတအာမက်နီဂျက် အခိုင်အမာပြောကြား

လန်ဒန် ဩဂုတ် ၂၂

**နျူကလီးယားစွမ်းအင်သည် အီရန်နိုင်ငံအတွက်အရေးပါလျက်ရှိပြီး ယင်းကိုရပ်တန့်ရန်မှာမည်သူတစ်ဦးတစ်ယောက်မျှ ဟန့်တားနိုင်လိမ့်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်နီဂျက်က အခိုင်အမာ ပြောကြားလိုက်သည်။**

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကိုရပ်တန့်ရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ဖြင့် အမေရိကန် ကြိုးပမ်းနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းသမ္မတက ဗြိတိန် ဂါဒီးယန်း သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ယင်းတို့သည် မိမိတို့၏ နျူကလီးယားစွမ်းအင်ရရှိရေး အခွင့်အလမ်းကို ငြင်းပယ်ရန် ကြိုးစားနေကြကြောင်း၊ သို့ရာတွင် ယင်းကိစ္စနှင့် ပတ်သက်ပြီး တစ်စုံတစ်ယောက်ကမျှ ဟန့်တားနိုင်လိမ့်မည်မဟုတ်ကြောင်း အာမက်နီဂျက်က ပြောကြားသည်။

## ကန့်ကွက်

အီရန်နိုင်ငံက နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူရန် ယူရေနီယံသန့်စင်ခြင်းကို ကြိုးစားနေကြောင်း၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က နျူကလီးယား လက်နက် ထုတ်လုပ်မည်စိုး၍ ကန့်ကွက်နေကြကြောင်း သိရသည်။

## ဆုံးဖြတ်ချက်

ဇူလိုင်လကုန်ပိုင်းက ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ခြင်းကို ရပ်တန့်ရန် ဩဂုတ် ၃၁ ရက်တွင် နောက်ဆုံးထားဆောင်ရွက်ရေးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ထားသည်။

**အမ်အင်အေ၊ရိုက်တာ**

# နော်ဝေရေတပ်သင်္ဘောလေးစင်း လက်ဘနွန်သို့ စေလွှတ်မည်

စတော့ဟုမ်း ဩဂုတ် ၂၂

**နော်ဝေအစိုးရက လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့သစ်တွင် လူ ၁၀၀နှင့်အတူ တော်ပီဒိုဒုံးပျံပစ်ခတ်နိုင်သော ရေတပ်သင်္ဘောလေးစင်းစေလွှတ်ရန် ဆုံးဖြတ်လိုက်ကြောင်း ဩဂုတ် ၂၀ ရက်က အော်စလိုမြို့မှ လာသောသတင်းများ၌ ဖော်ပြသည်။**

## ကင်းလှည့်မည်

ယင်းတို့သည် လက်ဘနွန်နိုင်ငံ အတွင်းသို့ လက်နက်မှောင်ခိုရောင်းဝယ်ခြင်းကို တားဆီးရန် လက်ဘနွန်ရေပိုင်နက်၌ ကင်းလှည့်ကြမည်ဖြစ်သည်။

## စေလွှတ်မည်

အဆိုပါရေတပ်သင်္ဘောလေးစင်း စေလွှတ်ရေးအတွက် ကုလသမဂ္ဂ၏ တောင်းဆိုချက်အရ စေလွှတ်မည်ဖြစ်ကြောင်း နော်ဝေ ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီဂျစ်၌ ရထားနှစ်စင်းတိုက်မိ လူ ၈၀သေဆုံး၊ အများအပြားဒဏ်ရာရ

**ကိုင်ရို ဩဂုတ် ၂၂**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မြောက်ဘက် ကွာယုမီးရထားဘူတာ၌ ဩဂုတ် ၂၁ ရက်က မီးရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိကြရာ**(အောက်ပုံ)** လူ ၈၀ သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း အီဂျစ်မီးရထားအာဏာပိုင်များက ဩဂုတ် ၂၂ရက်တွင် ပြောကြားသည်။ **(အင်တာနက်)**

# ပြန်ပေးဆွဲမှုများတွင် သံသယရှိသူ ၂၀၀၀ကျော် နိုင်ဂျီးရီးယား၌ဖမ်းဆီး

**လေဂို့စ် ဩဂုတ် ၂၂**

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း၏ မြို့တော် ဟာကုတ် ဆိပ်ကမ်းမြို့၌ အကြမ်းဖက်မှုနှင့် ပြန်ပေးဆွဲမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် နိုင်ဂျီးရီးယား အစိုးရက သံသယရှိသော စစ်သွေးကြွ ၂၀၀၀ကျော်ကို ဖမ်းဆီးလိုက်ကြောင်း ဒေသထုတ် နေ့စဉ်သတင်းစာက ဩဂုတ် ၂၀ရက်တွင် ဖော်ပြသည်။

ယင်းတို့အား ဖမ်းဆီးရန်အတွက် ရဲတပ်ဖွဲ့ဝင်များ၊ကြည်း၊ရေ၊လေတပ်ဖွဲ့ဝင်များပူးပေါင်းတပ်ဖွဲ့သည် ဩဂုတ် ၁၈ရက်မှ ၁၉ ရက်အထိ စစ်ဆင်ရေး တစ်ရပ် ဆင်နွှဲလျက် ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာတွင် သေနတ်များ၊ လက်နက်နှင့် ခဲယမ်းမီးကျောက်များလည်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးထားသူများမှာ အဆိုပါ ဆိပ်ကမ်းမြို့ဝန်းကျင်ရှိ လမ်းများပေါ်တွင် ခိုး၊ဆိုး၊ လုယက်နေသော မှုခင်းများနှင့် ဆက်နွှယ်သူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ကြည်းတပ် ပြည်သူ့ဆက်ဆံရေးအရာရှိ ဗိုလ်မှူး ဆာဂျာမူဆာက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘိန်းစိုက်ခင်းဧက တစ်သိန်းကျော် အာဖဂန်နစ္စတန်၌ ငါးလအတွင်း ဖျက်ဆီးခဲ့

ကဘူး ဩဂုတ် ၂၂

**အာဖဂန်နစ္စတန်အစိုးရက ငါးလအတွင်းတွင် ဘိန်းစိုက်ခင်းဧက တစ်သိန်းကျော်ကိုဖျက်ဆီးပစ်လိုက်ကြောင်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီး ဇာရာ အာမက်က တနင်္ဂနွေနေ့တွင် ပြောဆိုသည်။**

ပြည်နယ် အုပ်ချုပ်ရေးမှူးများ၊ ရဲအရာရှိကြီးများ၏ နှစ်ရက်ကြာ နှီးနှောဖလှယ်ပွဲကို တနင်္ဂနွေနေ့က ဖွင့်လှစ်စဉ် အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီး အာမက်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

## ဆွေးနွေးမည်

လုံခြုံရေး တင်းကျပ်ခိုင်မာရေး၊ ကောင်းမွန်စွာစီမံခန့်ခွဲရေးနှင့် တရားမဝင်မူးယစ်ဆေးဝါးများတိုက်ဖျက်ရေး အကြောင်းအရာများကို နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးကြမည်ဖြစ်သည်။

## ဖမ်းဆီးအရေးယူ

မတ် ၂၁ ရက် နောက်ပိုင်းတွင် မူးယစ်ဆေးဝါး တန်ချိန် ၇၀ နီးပါး ဖျက်ဆီးခဲ့ပြီး မူးယစ်ဆေး မှောင်ခိုရောင်းဝယ်သူ ၂၉၃ ယောက်ကိုလည်း ဖမ်းဆီးအရေးယူခဲ့ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဟန်ဂေရီ၌ မုန်တိုင်းတိုက်ခတ် နှစ်ဦးသေဆုံး၊ အများအပြား ဒဏ်ရာရရှိ

**ဘူဒါပက် ဩဂုတ် ၂၂**

ဟန်ဂေရီနိုင်ငံမြို့တော် ဘူဒါပက်တွင် ဩဂုတ် ၂၀ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။ မိုးသက်လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ချခြင်းများဖြစ်ပေါ်ခဲ့ရာ ဒါနူဘီမြစ်ပေါ် ဖြတ်သန်းတည်ဆောက်ထားသော တံတားပေါ်၌ ရောင်တိမ်းပုန်းခိုရန် ကြိုးစားနေသူများကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

## ရှာဖွေလျက်ရှိ

ထိုတံတား၌ဟန်ဂေရီ အမျိုးသားနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်နေသော ပြည်သူများရှိနေခြင်းကြောင့်ဖြစ်ကြောင်းလည်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ လူတစ်ဦးမှာ ယခုအချိန်အထိ ပျောက်ဆုံးလျက်ရှိကြောင်း ဒါနူဘီမြစ်အတွင်း ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ကြောင်း၊ သေဆုံးသူနှစ်ဦးမှာဒါနူဘီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော မာဂရက်တံတားနှင့် ချင်းတံတားတို့အကြားတွင် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသော သစ်ပင်ပိမိ၍ဖြစ်ကြောင်းသိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# တစ်ယောက်စီးယာဉ်များ

**ဝါရှင်တန် ဩဂုတ် ၂၂**

ဝါရှင်တန်မြို့၌ တစ်ယောက်စီးယာဉ်ငယ်များဖြင့် အပန်းဖြေသွားလာနေကြသော ခရီးသွားများကို ဩဂုတ် ၁၉ရက်က တွေ့ရခြင်းဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါ တစ်ယောက်စီး ယာဉ်များသည် ဥယျာဉ်၊ ရင်ပြင်များကဲ့သို့သော နေရာများ သွားလာရာတွင် အသုံးတွင်ကျယ်ပြီး အီလက်ထရွန်နစ်စွမ်းအင်သုံးစွဲထားကြောင်း သိရသည်။ **(အင်တာနက်)**

# အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၆၀၅ ဦးရှိ

**ဘဂ္ဂဒက် ဩဂုတ် ၂၂**

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ရန်သူ့လက်ချက်ဖြင့် ဩဂုတ် ၁၉ရက်က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

## သေဆုံးသူ

အဆိုပါ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်မှာ အမှတ်(၁)ယန္တရားတပ်မ အမှတ်(၁) တပ်ရင်းမှဖြစ်ကြောင်း၊ ၎င်းနှင့်ပါဆိုလျှင် ယခုလအတွင်း အီရတ်၌သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၈ ယောက်ရှိသွားပြီ ဖြစ်သည်ဟုဆို၏။

## တိုက်ပွဲတွင်သေဆုံး

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီး နောက်ပိုင်း အီရတ်နိုင်ငံ၌ သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း အနည်းဆုံး ၂၆၀၅ ဦးရှိသွားပြီဖြစ်သည်။ အများစုမှာ တိုက်ပွဲတွင်သေဆုံးကြခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# အိုဇုန်းလွှာအပေါက်ကြီး ပြန်လည်ကောင်းရန် ခန့်မှန်းထားသည်ထက် နှစ်ပိုကြာဦးမည်

ဂျီနီဗာ ဩဂုတ် ၂၂

**ကမ္ဘာ့လေထုသည် ညစ်ညမ်းနေခြင်းမှ ပြန်လည်ကောင်းမွန်လာရန်မှာ ယခင်မျှော်လင့်ထားသည်ထက် ၁၅နှစ်ကြာဦးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့တောင်ခြမ်း၌ အိုဇုန်းလွှာ အပေါက်ကြီးတစ်ခုဖြစ်နေကြောင်း**(အပေါ်ပုံ) **ကုလသမဂ္ဂ မိုးလေဝသ ဆိုင်ရာအဖွဲ့က ဩဂုတ် ၁၈ရက်၌ ပြောကြားလိုက်သည်။**

အိုဇုန်းလွှာပါးလွှာလာရခြင်းမှာ ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အခြားသော အီလက်ထရွန်နစ်ပစ္စည်းများမှ ထွက်လာသော ဓာတုဗေဒ ကွန်ပေါင်းများကြောင့်ဖြစ်ကြောင်း၊ ယင်းအိုဇုန်းလွှာမှ ခရမ်းလွန်ရောင်ခြည်များ အရေပြားပေါ်သို့ ကျရောက်ပါက အရေပြားကင်ဆာဖြစ်နိုင်ကြောင်း၊ အပင်များလည်း သေကျေပျက်စီးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

### ခန့်မှန်း

အန္တာ့တိကတိုက်ပေါ်ရှိ အိုဇုန်းလွှာအပေါက်ကြီး ပြန်ကောင်းလာရန်မှာ ယခင်က ၂၀၅၀ပြည့်နှစ်တွင် ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းထားသော်လည်း ၂၀၆၅နှစ်မှာ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဩဂုတ် ၁၉ ရက်၌ ပြောကြားသည်။

### ပြောကြား

အဆိုပါ အန္တာ့တိက အိုဇုန်းလွှာ အပေါက်ကြီးမှာ ၁၉၈၀ပြည့်လွန်နှစ်များမှစပြီး ပို၍ကျယ်ပြောလာခြင်းမရှိခဲ့ကြောင်း၊ သို့ရာတွင် ဆယ်စုနှစ်များအတွင်း အိုဇုန်းလွှာအပေါက်ကြီးများ တွေ့ရဖွယ်ရှိကြောင်း အိုဇုန်းလွှာ ကျွမ်းကျင်ပညာရှင် ဂျီယာဘာရာသန်းက ကမ္ဘာ့မိုးလေဝသနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် ဆိုင်ရာ အစည်းအဝေး၌ သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ အိုဇုန်းလွှာအပေါက်ကြီး၏ အကျယ်အဝန်းမှာ ၂၀၀၃ခုနှစ်က အကြီးဆုံးအရွယ်အစား စတုရန်းကီလိုမီတာ ၂၉ သန်းရှိရာမှ ယမန်နှစ်က စတုရန်းကီလိုမီတာ ၂၇သန်းအထိသာ ရှိတော့ကြောင်း ကမ္ဘာ့မိုးလေဝသဌာနက ပြောကြားသည်။

**(အင်တာနက်)**

# လက်ဘနွန်ရှိ ငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် အဓိကကဏ္ဍမှ အီတလီပါဝင်ရေး အစိုးရကြိုးပမ်း

ဂျေရုဆလင် ဩဂုတ် ၂၂

**လက်ဘနွန်နိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းတွင် အီတလီနိုင်ငံအနေဖြင့် အဓိကကဏ္ဍမှပါဝင်ရေး အစိုးရက ကြိုးပမ်းလျက် ရှိကြောင်း အစိုးရဝန်ကြီးချုပ်ရုံးက တနင်္လွေနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြပါရှိသည်။**

### ဆက်သွယ်

**အီတလီဝန်ကြီးချုပ် ရိုမန်နိုပရော့ဒီနှင့် တယ်လီဖုန်းဆက်သွယ်ပြောကြားစဉ် အစိုးရေး၏ရည်မှန်းချက်ကို အစိုးရေးဝန်ကြီးချုပ် အိုလ်မတ်က ပြောကြားလိုက်သည်ဟု ဆိုသည်။**

### စေလွှတ်

**ဆီးရီးယားနှင့် လက်ဘနွန်ကြားရှိ နယ်စပ်ကင်းစခန်းများကို ကင်းလှည့်စောင့်ကြပ်မည့် အီတလီတပ်ဖွဲ့ တစ်ဖွဲ့အား စေလွှတ်ပါရန် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ဝန်ကြီးချုပ် ပရော့ဒီအား မေတ္တာရပ်ခံလိုက်ပြီး ဒေသတွင်း ဖြန့်ကြက်မည့် နိုင်ငံတကာတပ်ဖွဲ့တွင် အီတလီနိုင်ငံက အဓိကအခန်းမှ ပါဝင်ရန် အရေးကြီးကြောင်းဖြင့်လည်း ပြောကြားလိုက်သည်။**

### ကြေညာ

**ထိုအတောအတွင်း ဟစ်ဇ်ဘိုလာကို ထောက်ခံသည့်နိုင်ငံများမှ တပ်ဖွဲ့ဝင်များ နိုင်ငံတကာတပ်ဖွဲ့တွင် အစ္စရေးက မပါဝင်စေလိုကြောင်းဖြင့်လည်း အစ္စရေး၏အခြားကြေညာချက်တွင် ဖော်ပြထားသည်ဟုဆို၏။** အမ်အင်အေ၊ဆင်ဟွာ

# အိန္ဒိယတွင် ဝါးမှလျှပ်စစ်စွမ်းအင်ထုတ်လုပ်မည်

နယူးဒေလီ ဩဂုတ် ၂၂

**အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် လိုအပ်လျက်ရှိသော စွမ်းအင်ကိုဖြည့်ဆည်းရေးအတွက် ကူညီရန် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မီဇိုရမ်ဒေသတွင် ဝါးမှလျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် စီစဉ်နေကြောင်း အင်ဒိုအာရှ သတင်းဌာနမှ ဩဂုတ် ၂၀ ရက်က သတင်းထုတ်ပြန်လိုက်သည်။**

ဝါးမှလျှပ်စစ်စွမ်းအင် ထုတ်လုပ်ရန်စက်ရုံကို မီဇိုရမ်မြို့အနီးကျေးရွာတစ်ရွာတွင် တည်ဆောက်မည်ဖြစ်ပြီး ကုန်ကျမှုမှာခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၂ သန်းရှိမည်ဖြစ်ကြောင်းသိရသည်။

ဝါးမှလျှပ်စစ်စွမ်းအင်ထုတ်ယူရန် အိန္ဒိယနိုင်ငံ ဘင်ဂလိုသိပ္ပံနှင့် အင်ကူရာစွမ်းအင်နည်းပညာသိပ္ပံဖြစ်သည့် ပုဂ္ဂလိကလုပ်ငန်းတို့က ကုန်ကျငွေများနှင့် အစီအစဉ်များကိုပူးပေါင်း ကျခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဇိုရမ်စွမ်းအင်ဖွံ့ဖြိုးရေး အေဂျင်စီမှ စီမံကိန်းကြီးကြပ်ရေးမှူး ဘင်လာမင်အယ်တီလွမ်တီယာက ပြောကြားသည်။

### လျှပ်စစ်စွမ်းအင်

ဝါးကိုဖြတ်တောက်ခြင်းနှင့် အပူပေးခြင်းတို့မှထွက်ရှိလာသော ဓာတ်ငွေ့ကိုနောက်ဆုံးတွင်လျှပ်စစ်စွမ်းအင်ရရှိအောင် အဆင့်ဆင့်ဆောင်ရွက်ခြင်းဖြစ်သည်။

### ထုတ်လုပ်

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဇိုရမ်အရပ်တွင် ဝါးပင်ဧရိယာ စုစုပေါင်း ကီလိုမီတာ ၉၀၀၀ ခန့်ရှိရာ ထိုဝါးပင် ဧရိယာမှ နှစ်စဉ်ဝါးတန်ချိန် ၃ ဒသမ ၂ သန်းထွက်ရှိမည်ဖြစ်သည်။ ထိုသို့ထွက်ရှိသောဝါးများမှ လျှပ်စစ်စွမ်းအင်ရရှိအောင် ထုတ်လုပ်သွားမည်ဖြစ်သည်။

### တန်ချိန် သန်း၈၀

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ဝါးအထွက်ဆုံးနိုင်ငံဖြစ်ရာ နှစ်စဉ် ဝါးတန်ချိန် သန်း ၈၀ ခန့်ထွက်ရှိသည်။

ထိုသို့ထွက်ရှိရာတွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသမှ နိုင်ငံ၏ ဝါးထွက်ရှိမှု၏ ထက်ဝက်ကျော် ထွက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

# စင်ကာပူ ဖွံ့ဖြိုးတိုးတက်မှု ထိန်းသိမ်းရေး လုံလောက်သော ပြည်သူဦးရေရှိရန်လိုအပ်

**စင်ကာပူ ဩဂုတ် ၂၂**

စင်ကာပူပြည်သူများအနေဖြင့် ကလေးများ ပိုမိုမွေးကြရန် ဝန်ကြီးချုပ်လီရှန်လွန်းက တနင်္လွေနေ့တွင် တိုက်တွန်းလိုက်သည်။

လူဦးရေ အကြီးအကျယ် နည်းနေမှုကို ရှောင်ရှားရေးနှင့် စီးပွားရေးရှင်သန်မှုကို အာမခံရေးအတွက် အစိုးရက ပြောင်းရွှေ့အခြေချ နေထိုင်သူများ ပိုမိုလာရောက်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်းဖြင့်လည်း စင်ကာပူဝန်ကြီးချုပ်လီက ထုတ်ဖော်ပြောကြား လိုက်သည်။

### ပြောကြား

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ချမ်းသာကြွယ်ဝမှုကို ထိန်းသိမ်းရန် မိမိတို့စင်ကာပူတွင် နေထိုင်အလုပ်လုပ်သူ ပြည်သူများ အလုံအလောက်ရှိရန် လိုအပ်ကြောင်း၊ ဆိုလိုသည်မှာ မိသားစုများအနေဖြင့် သားသမီးများ ပိုမိုမွေးကြရန် အားပေးရမည်ဖြစ်ပြီး စင်ကာပူသို့ လာရောက်အခြေချ နေထိုင်လိုသူများကို မိမိတို့ဆွဲဆောင် သိမ်းသွင်းကြရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်လီက ပြောကြားလိုက်သည်။

### တည်ထောင်

စင်ကာပူနိုင်ငံကို တည်ထောင်ခဲ့သည့် ဝန်ကြီးချုပ် လီကွမ်ယူ၏သားဖြစ်သူ လက်ရှိဝန်ကြီးချုပ်လီက ၎င်း၏ အမျိုးသားနေ့ မိန့်ခွန်းတွင် စီးပွားရေးနှင့် လူမှုရေးရာကိစ္စအများအပြားကိုလည်း ထည့်သွင်းပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အကြီးဆုံးဂျာကင်အင်္ကျီ

**ကမ္ဘာပေါ်တွင် အကြီးဆုံးဂျာကင်အင်္ကျီကြီး တစ်ထည်ကို ပြသထားစဉ်။**(ယာပုံ)

အဆိုပါ ဂျာကင်အင်္ကျီကြီးကို တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ချန်ရှာမြို့တွင် ကျင်းပသည့် အထည်အလိပ် ကုန်ပစ္စည်းများပြပွဲ၌ ပြသထားပြီး ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဂျာကင်အင်္ကျီ တစ်ထည်ဖြစ်ကြောင်း သိရသည်။ ၎င်းဂျာကင် အင်္ကျီကြီးကို အလုပ်သမား ၁၀၈ ဦးက နာရီပေါင်း ၃၆၆၆ နာရီကြာအောင် ပြုလုပ် ခဲ့ကြရသည်။

**(ဆင်ဟွာ)**

## ကမ္ဘာ့အရှည်ဆုံးပန်းချီကား

**ကမ္ဘာ့အရှည်ဆုံး ပန်းချီကားကို ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။** (ဝဲပုံ)

အဆိုပါ ပန်းချီကားကို အမေရိကန်နိုင်ငံ ပင်ဆာဗေးနီးယားပြည်နယ် ဖီလာဒယ်ဖီးယားမြို့ရှိ ဘရုတ်လမ်းပေါ်တွင် ရေးဆွဲပြသထားခြင်းဖြစ်ပြီး ဖီလာဒယ်ဖီးယား အနုပညာကောလိပ်မှ ကျောင်းသားတစ်ဦးက ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းပန်းချီကားသည် အရှည်မီတာ ၅၀၀ ခန့်ရှိကြောင်း သိရသည်။**(အင်တာနက်)**

# သဘာဝဓာတ်ငွေ့ကို သတ်မှတ်ဖိအားပြည့်မီအောင် ဖြည့်တင်းပေး ခရီးသည်နှင့် ယာဉ်များ စောင့်ဆိုင်းချိန်မကြာစေရေး အထူးဂရုစိုက်

နေပြည်တော် ဩဂုတ် ၂၂

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၈ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး၌ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။**

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ အဆမတန်မြင့်တက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်သုံးဆီအလေအလွင့်မရှိစေရေး၊ မသမာမှုများပပျောက်စေရေးတို့အတွက် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရေးတို့ကို အသေးစိတ်မှာကြားသည်။ ထို့နောက် ဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဖယောင်းတိုင် ထုတ်လုပ်ရေးဌာနခွဲ ဖယောင်းတိုင်စက်ရုံ(မန္တလေး)သို့ ရောက်ရှိရာ စက်ရုံမှူး ဦးကျော်စိုးဝင်းက ဖယောင်းကုန်ကြမ်း ရရှိမှု၊ ဖယောင်းတိုင် ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေ အချိုး မျှတရေး၊ ဖယောင်းတိုင် တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ချမှတ်ပေးပြီး ဖယောင်းတိုင်ထုတ်လုပ်နေမှု အခြေအနေကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့ ရောက်ရှိရာ အထွေထွေ မန်နေဂျာ ဦးထွန်းမြင့်ဦးက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက စက်သုံးဆီ ပြတ်လပ်မှု မရှိစေရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်သုံးဆီ သိုလှောင်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားပြီး သိုလှောင်ကန်များကို နေ့စဉ်တိုင်းတာ ဆောင်ရွက်နေမှုကို စစ်ဆေးသည်။

## ပြည့်မီအောင်ဖြည့်တင်း

ဝန်ကြီးသည် ညနေပိုင်းတွင် မန္တလေးမြို့ ၄၁လမ်းနှင့် ၈၅လမ်းထောင့်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ သွားရောက်စစ်ဆေးပြီး ဝန်ကြီးက မော်တော်ယာဉ်များ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်တင်းစဉ် စောင့်ဆိုင်းချိန်မကြာစေရေး အထူးဂရုစိုက်ရန်နှင့် သဘာဝဓာတ်ငွေ့ကို သတ်မှတ်ဖိအားပြည့်မီအောင် ဖြည့်တင်းပေးရန်တို့ကို မှာကြား၍ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(ဝ၆၁၂)သို့ ရောက်ရှိပြီး မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို စက်သုံးဆီဖြည့်တင်းပေးနေမှုကိုကြည့်ရှုစစ်ဆေးသည်။ယင်းနောက် ဝန်ကြီးက လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ စက်သုံးဆီ အချိန်အတွယ် မှန်ကန်စေရေး၊ အများပြည်သူ တို့နှင့် ဆက်ဆံရေး ပြေပြစ်ချောမွေ့စေရေးတို့အတွက် မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဩဂုတ် ၁၈ရက်က ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အမက(၁) ကျောင်း၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာနက လာရောက်ကြည့်ရှုစစ်ဆေးစဉ်။**

(က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၂၃-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ အကပြိုင်ပွဲ
၁၇း၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇း၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၄၀ ၈။ **"မနိုင်သော အရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)
၁၇း၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၃။ **"မင်းမသိသေးပါဘူးကွာ"** ဇော်၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၉း၁၀ ၁၄။ နောင်ရေးစိတ်အေးစေရာ ကျိုင်းတုံမြို့က ဘိုးဘွားရိပ်သာ
၁၉း၂၅ ၁၅။ အတီးပြိုင်ပွဲ
၁၉း၃၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၄၅ ၁၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသား)
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မြန်မာရုပ်ရှင် **"ပန်းတွေနဲ့ဝေ"** ညွှန့်ဝင်း၊ အောင်လွှင်၊ ခင်ယုမေ (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် ဖခင်ကြီး ဦးဝင်း(ပုတီးကုန်း) လေးနှစ်ပြည့်နှင့် အစ်မ ဒေါ်ခင်ကြည် (ပုတီးကုန်း) တစ်လပြည့်တို့အား ရည်စူး၍ ဒေါ်ခင်ညိုနှင့် ညီမ၊ သား၊ သမီး၊ တူ တူမ၊ မြေးမိသားစုက အလှူငွေကျပ် တစ်သိန်းလေးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏ (သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် နှစ်ဖက်သော ဘိုးဘွား မိဘများနှင့် ဒေါက်တာ ဦးကျော်အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၉၀/C/၇နေ ဒေါ်စန်းစန်းမူ၊ သားသမီး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အသားမျှင်ဓာတ်နည်းပြီး သကြားများသည့်အစာစားမှု ဝလွန်းသည့် ကလေးဦးရေ ပိုများလာရ

**ကလေးများအဝလွန်သူဦးရေ များပြားလာရခြင်းမှာ သကြားများကာ အသားမျှင်ဓာတ်နည်းသည့် အစားအစာများ စားသုံးမှီဝဲခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်တစ်ဦးက ပြောဆိုသည်။**

### မညီမမျှ

**သကြားများပြီး အသားမျှင်နည်းသည့် အစားအစာများက ဟိုမုန်းဓာတ်မညီမမျှဖြစ်စေကြောင်းဖြင့်လည်း ကယ်လီဖိုးနီးယား ဆန်ဖရန်စစ္စကို တက္ကသိုလ်မှ ကလေးကျန်းမာရေး ဆိုင်ရာကျွမ်းကျင်သူ ရောဘတ်လပ်စတစ်ကပြောဆိုသည်။**

### များပြားလာ

**ယင်းသို့အစားအစာများကို ထုတ်လုပ်သူများက ဖန်တီးထားခြင်းဖြင့် ကလေးများသည် လိုသည်ထက် ပိုစားလာကြသည်ဆို၏။ အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်တွင် ကိုယ်အလေးချိန်များပြီး အဝလွန်သည့် ကလေးဦးရေ ပိုမိုများပြားလာသည်ကို တွေ့ရသည်။** (ကိုးကား-အင်တာနက်)

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

## နံနက်ဖနာရီမှစနာရီအထိနှင့် ညဖနာရီမှစနာရီအကြား လေဖြတ်ခံရမှု အများဆုံးဖြစ်ပွားကြောင်း သုတေသနပညာရှင်များပြောကြား



လူတို့တွင် ခံစားရသည့် လေဖြတ်ခြင်းမှာ လေ့လာသုတေသနပြုချက်အရ အများအားဖြင့် နံနက်ပိုင်းနှင့် ညဦးပိုင်းအချိန်များတွင် လေဖြတ်ခြင်းခံကြရကြောင်း တွေ့ရှိရသည်ဟု ဂျပန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

### အများဆုံးဖြစ်တတ်

ထိုသို့ လေဖြတ်ခြင်းဖြစ်ပွားရာတွင် နံနက်ပိုင်းအချိန်နှစ်နာရီကာလအတွင်းနှင့် ညဦးပိုင်းအချိန်နှစ်နာရီအတွင်း အများဆုံးဖြစ်တတ်သည်ဟု ၎င်းတို့တွေ့ရှိချက်၌ ဖော်ပြထားသည်။

### လေ့လာသုတေသနပြု

လေဖြတ်ခြင်းခံရသူ ဝေဒနာရှင်၁၂၈၅၇ဦးအား စနစ်တကျ လေ့လာသုတေသန ပြုခဲ့ရာတွင် အဆိုပါ လေဖြတ်ခြင်းခံရသူများအားလုံးသည် နံနက်ပိုင်း ၆နာရီမှ ၈နာရီအကြားနှင့် ညဦးပိုင်း ၆နာရီမှ ၈နာရီအကြား အချိန်ကာလများတွင် ဖြစ်ပွားခဲ့ကြရသည်ကို တွေ့ရှိခဲ့ရကြောင်းလည်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

ထိုအချိန်များတွင် လေဖြတ်မှု အများဆုံးဖြစ်ပွားရခြင်းမှာ ကိုယ်ခန္ဓာအတွင်း သွေးလည်ပတ်မှု အပြောင်းအလဲဖြစ်ချိန်နှင့် ကိုယ်ခန္ဓာအတွင်း စနစ်တကျ လှုပ်ရှားနေသော အကြောများနှင့် အခြားအစိတ်အပိုင်းများ ငြိမ်သက်ခြင်းသို့မဟုတ် ရုတ်တရက် လှုပ်ရှားခြင်းများပြုလုပ်ရသည့် အချိန်ကာလဖြစ်နေကြောင်း ၎င်းတို့က ပြောဆိုသည်။

### ကွဲပြားတတ်

လေဖြတ်ခြင်းခံရသူများကို လေ့လာရာတွင် လေဖြတ်ခံရမှုပုံစံများ တစ်ဦးနှင့်တစ်ဦးမတူဘဲ သုံးမျိုးခန့် ကွဲပြားတတ်ကြကြောင်း၊ ယင်းတို့မှာ ဦးနှောက်၊ မျက်နှာနှင့် ခြေလက်တို့တွင် လေဖြတ်ခံရခြင်းတို့ဖြစ်ကြောင်းလည်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

### သတိပေးနှိုးဆော်

ထို့ကြောင့် လေဖြတ်ခြင်းအများဆုံးဖြစ်ပွားတတ်သည့် အချိန်များဖြစ်သော နံနက်ပိုင်းနှင့် ညဦးပိုင်းအချိန်များတွင် ကိုယ်ခန္ဓာအတွင်း သွေးလေလည်ပတ်မှုမျှတအောင် သတိပြုဆင်ခြင်နေထိုင်ကြရန် ဂျပန်သုတေသနပညာရှင်များက သတိပေးနှိုးဆော်ထားသည်။ **(ကိုးကား-အင်တာနက်)**

■ **ကျောဖုံးမှ**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့်အနော်ရထာလမ်းထောင့်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိုန်နှင့်တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စု လမ်းမကြီးရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရွှေခင်းသာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့်ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဈေးများအတွင်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အဝတ်အထည်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်းတပ်ဖွဲ့များ၊ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန်နှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့်ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ လူမှုရေးအသင်းအဖွဲ့များ၏ ကြက်သား၊ ကြက်ဥ၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ရေချိုရေငန်ငါး၊ ပုစွန်မျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ ကုန်ခြောက် အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ မီးဖိုချောင်သုံးပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း သမဝါယမအသင်းစု၏ မီးဖိုချောင်သုံးနှင့်လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်သူများစည်ကားများပြားစွာဝယ်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**မှန်ကန်စွာရောင်းချ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပြည်သူများအား အခြေခံစားကုန်များဖြစ်သည့် ဆန်၊ဆီနှင့် မီးဖိုချောင်သုံး ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ အလေးချိန် မှန်ကန်စွာရောင်းချသွားရေး၊ အခွန်လွတ်ဈေးများကို ဈေးအင်္ဂါရပ်နှင့်အညီ သပ်ရပ်သန့်ရှင်းစွာထားရှိရေး၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်ဖောက်ကားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

**တညင်းကုန်းကုန်စိမ်းဈေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၈နာရီ၁၅ မိနစ်တွင် အင်းစိန်မြို့နယ် တညင်းကုန်းဘူတာအနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ တညင်းကုန်း ကုန်စိမ်းဈေးသို့ ရောက်ရှိကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက တညင်းကုန်း ကုန်စိမ်းဈေး၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ရောင်းဝယ်ဖောက်ကားမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တညင်းကုန်း ကုန်စိမ်းဈေးအတွင်း လှည့်လည်၍ ရောင်းဝယ်ဖောက်ကားမှုအခြေအနေ၊ ဈေးအဆောက်အအုံများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ဟင်းသီးဟင်းရွက်အအေးခန်း**

ဆက်လက်၍ အင်းစိန်မြို့နယ် ဗဟိုလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဟင်းသီးဟင်းရွက်အအေးခန်းသို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေး အဖွဲ့ဥက္ကဋ္ဌဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများကို အအေးခန်းများအတွင်း သိုလှောင်မှု၊ ပြည်ပသို့ တင်ပို့မည့် သစ်သီးဝလံများအား ရွေးချယ်ထုပ်ပိုးမှုနှင့် ပြည်ပဈေးကွက် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သစ်သီးဝလံရွေးချယ်ထုပ်ပိုးစက် (Grading Machine)နှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အအေးခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**ရှင်းလင်းပြသ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင် မြို့နယ်ရှိ သီရိမင်္ဂလာဈေးသို့ ရောက်ရှိကြပြီး ဈေးအတွင်း၌ သစ်သီးဝလံများ ရောင်းဝယ်ဖောက်ကားနေမှု၊ ဈေးပတ်ဝန်းကျင် အခြေအနေ၊ ဈေး၌ ရောင်းဝယ်ဖောက်ကားကြသည့် ကုန်တင်ကားများ ရပ်နားနေရာနှင့် သစ်သီးဝလံဆိုင်ခန်းများ စီစဉ်နေရာချထားနိုင်သည့် အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ဈေးများဌာန ဌာနမှူး ဦးစိုးဝင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက သစ်သီးဝလံများမှာ ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချနိုင်ပြီဖြစ်၍ စနစ်တကျ သိုလှောင်၊ထုပ်ပိုး၊ ပို့ဆောင်နိုင်အောင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ဈေး၌ သစ်သီးဝလံဆိုင်ခန်းများကို စနစ်တကျ သတ်မှတ်နေရာချထားရောင်းဝယ် ဖောက်ကားရေး၊ ဈေးသန့်ရှင်းရေးနှင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးအလေးထား ဆောင်ရွက်သွားကြရေး၊ ကုန်တင်ကားများ ကုန်တင် ကုန်ချမှုကို သတ်သတ်မှတ်မှတ်နေရာချထား လုပ်ကိုင်သွားကြရေး၊ လိုအပ်ချက်များကို တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရေးတို့ကိုမှာကြားပြီး နံနက်၉နာရီခွဲတွင် သီရိမင်္ဂလာဈေးမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အလုံအေးရှားဝေါလ်ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော MV. VASCO DA GAMA ကုန်သေတ္တာသင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်/ချပြုလုပ်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

# ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းနှင့်ကုန်တင်(အမြန်)ရေယာဉ် ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

**ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အမှတ်(၃) ဗိုလ်အောင်ကျော်ကုန်သေတ္တာတံတားသို့သွားရောက်၍ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် စစ်တွေသင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်/ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဝန်ကြီးသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ရောက်ရှိပြီး မြစ်ဝကျွန်းပေါ်ဌာနခွဲ ကိုင်းတန်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ရန်ကုန်မြို့မှ လပွတ္တာမြို့သို့ ထွက်ခွာမည့် ရန်ကုန်–လပွတ္တာ ဝေပုလ္လကုန်တင်(အမြန်)ရေယာဉ်ပေါ်သို့ သွားရောက်ပြီး ခရီးသည်နှင့်ကုန်ပစ္စည်းများ တင်ဆောင်ထားရှိမှုနှင့် ကုန်ပစ္စည်းများ ရေယာဉ်ပေါ်သို့ တင်ဆောင်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ဝေပုလ္လကုန်တင်(အမြန်)ရေယာဉ် ရန်ကုန် ဆိပ်ကမ်းမှ ထွက်ခွာသွားသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

**ပေါင်းစပ်ဖြည့်ဆည်းပေး**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ အေးရှားဝေါလ် ကုန်သေတ္တာဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက ဆိပ်ကမ်း၌ကုန်သေတ္တာများထားရှိမှု၊ စက်ယန္တရားများဖြင့် ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဆိပ်ကမ်းဝန်းကျင် ရေလမ်းကြောင်း အခြေအနေ၊ သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ကမ်းအတွင်းရှိ ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးမှု အခြေအနေ၊ MV. VASCO DA GAMA ကုန်သေတ္တာတင်သင်္ဘောပေါ်မှ ကုန်သေတ္တာများ တင်/ချ ပြုလုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ X-Ray စက်ဖြင့် ကုန်သေတ္တာများ စစ်ဆေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းနှင့်အတန်းတင်စာမေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၂**

၂၀၀၆ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့်အတန်းတင်စာမေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

**အနီးကပ်သင်တန်း**

ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ၄ ရက်မှ ၁၂ ရက်အထိကျင်းပမည်ဖြစ်သည်။ ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်(ပထဝီဝင်၊ သမိုင်းနှင့် စီးပွားရေးမှအပ)ကျန် ဝိဇ္ဇာအထူးပြုအားလုံး၊ ဥပဒေနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ရက်မှ ၂၅ရက်အထိ ပြုလုပ်မည်ဖြစ်သည်။ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် (ပထဝီဝင်၊ သမိုင်းနှင့် စီးပွားရေးမှအပ) ကျန်ဝိဇ္ဇာအထူးပြုအားလုံး၊ ဥပဒေနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ၃၀ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ အထောက်အကူပြုဘာသာရပ်များ၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သမိုင်း၊ ပထဝီဝင်၊ တတိယနှစ် စီးပွားရေးအထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ၁၀ရက်မှ၂၀ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

**အထူးပြုအားလုံး**

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သမိုင်း၊ ပထဝီဝင်၊ စီးပွားရေး အထူးပြုအားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေး အထူးပြုများအတွက် စီးပွားရေးဘာသာရပ်မှလွဲ၍ ကျန်အထောက်အကူပြုဘာသာရပ်များအတွက် အနီးကပ်သင်တန်းပို့ချမည်ဖြစ်သည်။

တတိယနှစ် စီးပွားရေးအထူးပြုများအတွက် (စီးပွားရေးဘာသာရပ်များအပါအဝင်) ဘာသာရပ်များအားလုံးအတွက် အနီးကပ်သင်တန်းပို့ချမည်ဖြစ်သည်။

**စီစဉ်ထား**

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးနှင့်ပေါင်းစပ်ဘာသာရပ်အထူးပြု ကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်နစ်သင်ယူမှုဌာန(e-Education Learning Centre)များတွင် လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချတော့မည် မဟုတ်ဟု သိရသည်။

အသေးစိတ်အချိန်ဇယားကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဗြိတိသျှနှင့် အမေရိကန်သံရုံးတို့မှ သံတမန်များနှင့် ဝန်ထမ်းများ NLD ဌာနချုပ်သို့ ဥဒဟိုဝင်ထွက် ဗဟိုအလုပ်အမှုဆောင်များနှင့် သံတမန်များ လက်ဝါးချင်းရိုက် တွေ့ဆုံဆွေးနွေးမှု ကြားသိနေရသူများက ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားနေသည့်ပါတီဟု ဝေဖန်သုံးသပ်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် မကြာမီရက်ပိုင်းအတွင်းက ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိန်သံအမတ်ကြီး မစ္စတာမာ့(ခ်)ကန်းနင်းသည် ၎င်းသံရုံးမှ သံအရာရှိ အမျိုးသမီးတစ်ဦးနှင့်အတူ ယာဉ်အမှတ် သံ(၂/၁)ဖြင့် ဩဂုတ်၂၁ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ NLDဌာနချုပ်သို့ရောက်ရှိလာပြီး NLDဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တစ်နာရီခန့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ မာ့(ခ်)ကန်းနင်းနှင့် သံအရာရှိ အမျိုးသမီးတစ်ဦးတို့ ဩဂုတ်၂၁ရက်က NLD ဌာနချုပ်သို့ ဝင်ထွက် ရောက်ရှိမှုကို တွေ့ရစဉ်။ **(သတင်းစဉ်)**

## တွေ့ဆုံဆွေးနွေး

ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှ သံတမန်များနှင့် ဝန်ထမ်းများသည် NLDဌာနချုပ်သို့ ဥဒဟိုဝင်ထွက်သွားလာလျက်ရှိပြီး စာများပေးပို့ခြင်း၊ တွေ့ဆုံဆွေးနွေး ညွှန်ကြားချက်ပေးခြင်းများ ပြုလုပ်လျက်ရှိရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အကြိမ် ၃၀ ခန့် ရှိခဲ့သည်။

ထို့အတူ အမေရိကန်သံရုံးမှ သံတမန်များနှင့် ဝန်ထမ်းများလည်း NLD ဌာနချုပ်သို့ နေ့စဉ်လိုလို ဝင်ထွက်သွားလာပြီး စာများပေးပို့ခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်လျက်ရှိရာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အကြိမ် ၁၃၀ ကျော်ရှိခဲ့သည်။ အမေရိကန်သံရုံးမှ သံတမန်များ NLDဌာနချုပ်သို့ ဝင်ထွက်သွားလာရာတွင် အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ ဝန်ထမ်း ဒေါ်ရွှေစင်ညွှန့်လည်း အမြဲတမ်းလိုက်ပါလာလေ့ရှိသည်။ ထို့အပြင် ဒေါ်ရွှေစင်ညွှန့် ကိုယ်တိုင်လည်း NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှယာဉ်ဖြင့် ၎င်းတစ်ဦးတည်း အကြိမ်ကြိမ် ဝင်ထွက်သွားလာပြီး သံရုံးမှ ညွှန်ကြားချက်များ၊ NLD ၏ တင်ပြချက်များကို ကြားခံဖလှယ် ဆက်သွယ်ပေးပို့လျက်ရှိကြောင်း သတင်းများ ရရှိသည်။

## ပြောင်းရွှေ့ထမ်းဆောင်

ဒေါ်ရွှေစင်ညွှန့်သည် ဦးဖေညွှန့်-ဒေါ်မေခင်ချောတို့၏သမီးဖြစ်ပြီး ယခုအခါ အသက် ၃၇ နှစ်ရှိပြီး ဗုဒ္ဓဘာသာဝင် ဗမာအမျိုးသမီး အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ ၁၉၈၉ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ ဒုတိယနှစ်ဖြင့် ကျောင်းထွက်ပြီး

အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ ဝန်ထမ်း ဒေါ်ရွှေစင်ညွှန့်နှင့် အမေရိကန်သံရုံးမှ အမျိုးသမီးတစ်ဦးတို့ ဩဂုတ် ၄ ရက်က NLD ဌာနချုပ်သို့ ဝင်ထွက် ရောက်ရှိမှုကို တွေ့ရစဉ်။ **(သတင်းစဉ်)**

ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၃-၁၂-၂၀၀၅ရက်နေ့မှစ၍ အမေရိကန်သံရုံး ပြန်ကြားရေးဌာနသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ၂လမ်း၊ အမှတ် ၄ တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ သံတမန်များနှင့် သံရုံးဝန်ထမ်းများက သံတမန်ကျင့်ဝတ် ချိုးဖောက်ပြီး NLD ဌာနချုပ်သို့ ဝင်ထွက်ဆွေးနွေး ညွှန်ကြားချက်များပေးနေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းနိုင်ငံရေးပါတီတစ်ခုဖြစ်သော NLD ကလည်း ပြည်ပသံရုံးများနှင့် မလျော်မကန် ဆက်ဆံနေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း တာဝန်သိ စာနယ်ဇင်းသမားများက ပြည်သူတို့၏သဘောထားအမြင်ကို ထင်ဟပ်၍ စာနယ်ဇင်းများတွင် သတင်းဆောင်းပါး၊ ဓာတ်ပုံများ ရေးသားဖော်ပြပြီး ဝေဖန်ထောက်ပြနေကြသည်ကိုလည်း တွေ့ရှိရသည်။

ယင်းကဲ့သို့ NLD ဌာနချုပ်သို့ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ သံတမန်များ ဝင်ထွက်သွားလာနေခြင်း၊ NLD ဗဟိုအလုပ်အမှုဆောင်များနှင့် ထိုသံတမန်များ လက်ဝါးချင်းရိုက် တွေ့ဆုံဆွေးနွေး ညွှန်ကြားချက်များပေးနေခြင်း သတင်းမြင်ကွင်းများကို မြင်တွေ့ ကြားသိနေရသူများကလည်း NLDသည် ပြည်ပသြဇာခံ ပါတီ၊ အနောက်အင်အားကြီးအုပ်စု၏ ကြိုးဆွဲရာကနေရသည့်ပါတီ၊ ၎င်းတို့ ဖြတ်လမ်းမှအာဏာရရှိရေးအတွက် တိုင်းပြည်ကို လက်ညှိုးထိုး ရောင်းစားနေသည့်ပါတီဟု ဝေဖန်သုံးသပ်လျက်ရှိကြောင်း သတင်းများရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်နှင့် ပြည်သူအား အကြမ်းဖက်အဖျက်လုပ်ရပ်များ ကျူးလွန်ရန် မတရားအသင်းနှင့် အကြမ်းဖက်သမားဟု ကြေညာထားသည့်အဖွဲ့များ ပူးပေါင်း NCUB (၈)ကြိမ်မြောက်ညီလာခံ တစ်ဖက်နိုင်ငံတွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

**နိုင်ငံတော်ကို လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်နေသော မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၏ (၈)ကြိမ်မြောက် ညီလာခံကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်နေ့အထိ တစ်ဖက်နိုင်ငံ မဲဆောက်မြို့မြောက်ဘက်ရှိ အပန်းဖြေစခန်းတစ်ခုတွင်ကျင်းပခဲ့ရာ NCUB အဖွဲ့ဝင် မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)၊ NLD(LA) နှင့် လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (MPU)အဖွဲ့တို့မှ ကိုယ်စားလှယ် ၆၆ ဦးအပါအဝင် လူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း။**

ထိုအစည်းအဝေးမှ သဘာပတိအဖွဲ့ဝင်များ အသစ်ရွေးချယ်တင်မြှောက်ခဲ့ရာ-

(၁) DAB ဥက္ကဋ္ဌ တာမလာဘော — ဥက္ကဋ္ဌ
(၂) NDF ဥက္ကဋ္ဌ ဖဒိုဘသင် — ဒုဥက္ကဋ္ဌ(၁)
(၃) NLD(LA) ဥက္ကဋ္ဌ တင်အောင် — ဒုဥက္ကဋ္ဌ(၂)
(၄) MPU မှ ခွန်မားကိုဘန်း — ဒုဥက္ကဋ္ဌ(၃)
(၅) DAB မှ ကျော်လှ — သဘာပတိအဖွဲ့ဝင်
(၆) NDF မှ ခိုင်စိုးနိုင်အောင် — သဘာပတိအဖွဲ့ဝင်
(၇) NLD(LA) မှ သန်းထွဋ် — သဘာပတိအဖွဲ့ဝင်နှင့်
(၈) NCGUB မှ စိန်ဝင်း — သဘာပတိအဖွဲ့ဝင်

တို့ဖြစ်ကြောင်း။

ထိုအစည်းအဝေးမှ အတွင်းရေးမှူး၊ အဖွဲ့ဝင်များကိုလည်း အသစ်ရွေးချယ်တင်မြှောက်ခဲ့ရာ-

(၁) FTUB မှ မောင်မောင် — အထွေထွေအတွင်းရေးမှူး
(၂) NLD(LA) မှ မြင့်သိန်း — အတွင်းရေးမှူး(၁)
(၃) ABSDF မှ မျိုးဝင်း — အတွင်းရေးမှူး(၂)
(၄) NDF မှ ခွန်ဉက္ကာ — အတွင်းရေးမှူး(၃)
(၅) MPU မှ ချစ်တင် — အတွင်းရေးမှူး(၄)
(၆) KNU မှ ဖဒိုမန်းရှာ — အဖွဲ့ဝင်
(၇) ABSDF မှ မိဆူးပွင့် — အဖွဲ့ဝင်
(၈) DPNS မှ အောင်မိုးဇော် — အဖွဲ့ဝင်
(၉) KNU မှ ဒေးဗစ်ထော — အဖွဲ့ဝင်
(၁၀) KNU မှ ဒေးဗစ်တာကပေါ — အဖွဲ့ဝင်နှင့်
(၁၁) NDF မှ မိုင်းအိုက်ဖုန်း — အဖွဲ့ဝင်

တို့ဖြစ်ကြောင်း သတင်းရရှိသည်။

## ကြေညာခံထားရ

NCUB ဗဟိုအလုပ်အမှုဆောင် အဖွဲ့တွင် ပါဝင်သော NCGUB စိန်ဝင်း၊ FTUB မောင်မောင်တို့ အပါအဝင် အဖွဲ့ဝင်အချို့သည် တရားခံပြေး၊ ပြည်ပြေး အကြမ်းဖက် အဖျက်သမားများသာဖြစ်ပြီး NCUBတွင်ပါဝင်သည့် NCGUB၊ FTUB နှင့် ABSDF တို့သည် နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့များသာ ဖြစ်သည်။

NCUBအဖွဲ့ဝင် ပြည်ပြေးသောင်းကျန်းသူအဖွဲ့များသည် ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခုနှင့် ပါတီဝင်များ၊ မျိုးဆက်သစ်၊ မျိုးဆက်ဟောင်း ခါတော်မီ နိုင်ငံရေးသမားဆိုသူများနှင့် အဆက်အသွယ်ရှိပြီး ပြည်တွင်း၌ ဆူပူအုံကြွမှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန်အတွက် ငွေကြေးပစ္စည်းများ ထောက်ပံ့လျက်ရှိကြောင်း သတင်းများ ဖော်ထုတ်ရရှိထားသည်။

## လုပ်ဆောင်လာ

NCUB ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အချို့သည် အကြမ်းဖက် (Terrorist) အဖွဲ့များ၏ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်က ကြေညာခံထားရသူများဖြစ်ရာ NCUB သည် နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်များကိုသာ ဆက်လက်လုပ်ဆောင်သွားနိုင်ကြောင်း၊ NCUB ဗဟိုအလုပ်အမှုဆောင်အဖွဲ့အသစ် ဖွဲ့စည်းလိုက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အပြုသဘောလုပ်ရပ်များ လုပ်ဆောင်ရန် မဟုတ်ဘဲ ပြည်ပဆရာကြီး၏ ကြိုးကိုင်မှုအောက်တွင် ဆရာတူ တပည့်များအဖြစ် တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်ကာ ပြည်တွင်း မတည်မငြိမ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ဆက်လက် တိုးမြှင့်လုပ်ဆောင်လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

## အဓိကကျ

ရှေးဦးစွာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ နမ္မတီး(ကံလှ)တံတားဖွင့်လှစ်ခြင်းသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်အနက် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရေးဆိုသည့် လုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း၊ ဤနမ္မတီး(ကံလှ)တံတားသည် ရွှေဘို-မြစ်ကြီးနား လမ်းတွင် အဓိကကျသည့် တံတားတစ်စင်းဖြစ်ကြောင်း။

အဆိုပါ တံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် မန္တလေးမှ မြစ်ကြီးနား-ဗန်းမော်-တရုတ်ပြည်သူ့သမ္မတနိုင်ငံနယ်စပ်အထိ၊ မြစ်ကြီးနားမှ နမ္မတီး - နန်းယွန်း - အိန္ဒိယပြည်နယ်စပ်အထိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စွာသွားလာနိုင်ပြီး ဤဒေသ၏ ထွက်ကုန်များ၊ ကုန်စည်စီးဆင်းမှုတို့ သွက်လက်လာတော့မည်ဖြစ်ကြောင်း။

## မျှမျှတတဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးနေကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးသည် အဓိကကျသဖြင့် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန် သတ်မှတ်ပြီး ပြည်နယ်၊ တိုင်းအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသပါမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြည်နယ်၊ တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု၌ ကွာဟမှုမရှိစေဘဲ တတ်နိုင်သမျှ တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာအောင် စီမံ ဆောင်ရွက်ပေးရမည် ဆိုသည့် ရည်ရွယ်ချက်ဖြင့် နယ်စပ်ဒေသများ အပါအဝင် မဖွံ့ဖြိုးမတိုးတက်သေးသော ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများ ပိုမိုစည်းလုံးညီညွတ်ချစ်ခင်လာစေရန်၊ နယ်မြေဒေသများတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိလာစေရန်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး ကဏ္ဍအသီးသီး၌လည်း အဘက်ဘက်က နောက်ကျမကျန်ခဲ့ရအောင် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## သယံဇာတပေါကြွယ်ဝ

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်း၌တည်ရှိ၍ ခရိုင်လေးခရိုင်၊ မြို့နယ်၁၈မြို့နယ်၊ မြို့ခြောက်ခုတို့ဖြင့် ဖွဲ့စည်းထားပြီး ရေမြေတောတောင်သယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခင်ပြည်နယ်အတွင်း နယ်မြေဒေသအေးချမ်းသာယာမှုမရှိသည့်အတွက် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့သည် အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့ကြောင်း။

နမ္မတီးတံတား (ကံလှ)ဖွင့်ပွဲတွင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုအခါ ပြည်နယ်အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီဖြစ်သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာပြီး မော်တော်ကားလမ်းအသစ်များတိုးချဲ့ဖောက်လုပ်ခြင်း၊ ကားလမ်းအဟောင်းများ တိုးတက်ပြုပြင်ခြင်း၊ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းကိုအဆင့်မြှင့်တင်ခြင်း၊ မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကို တိုးချဲ့ပြုပြင်ခြင်းစသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပြုပြင်ပေးနိုင်သည်နှင့်အမျှ ကချင်ပြည်နယ်သည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

## ရာသီမရွေးသွားလာနိုင်

ကချင်ပြည်နယ်သည် အေးချမ်းသာယာလာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အတွင်း လမ်း၊ တံတားများကို တစိုက်မတ်မတ်တည်ဆောက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်အတွင်း ယခင်က သွားရေးလာရေးခက်ခဲသည့် မြစ်ကြီးနား-တနိုင်းကားလမ်းကို ရာသီမရွေးသွားလာနိုင်သော အမာခံလမ်းဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပြီး ၉၄၂ပေရှိသည့် တနိုင်းတံတားနှင့် လွယ်လီယန်တံတားများကို အခိုင်အမာတည်ဆောက်ပေးခဲ့ကြောင်း၊ ယခု ဒွန်ဘန်တံတားလည်း တည်ဆောက်လျက်ရှိကြောင်း၊ တနိုင်းကဆက်ပြီး အိန္ဒိယနိုင်ငံနယ်စပ်အထိနန်းယွန်း၊ပန်ဆောင်တို့ကိုဖြတ်ပြီး ရာသီမရွေး သွားလာနိုင်သည့် လမ်းနှင့်တံတားများအဖြစ် တည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

မိုးကောင်း-ဖားကန့် လမ်းကိုလည်း ရာသီမရွေးသွားလာနိုင်သည့် အမာခံလမ်းနှင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နေကြောင်း၊ ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ ပေ၅၀အောက်တံတားများကိုလည်း ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်လျက်ရှိနေကြောင်း၊ ယင်းလမ်းပေါ်တွင် ၂၆၈၈ပေရှိသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ ပေ၂၆၀ရှိသည့် နမ့်မြစ်ခတံတား၊ ပေ၃၂၀ရှိသည့် မလိယန်တံတား၊ ပေ၄၀၀ရှိသည့် နန်ဆန်ယန်တံတား၊ ၃၂၅ပေရှိသည့် မိုးလဲတံတား၊ ပေ၃၂၀ရှိသည့် တာပိန်တံတား၊ ပေ၅၀၀ရှိသည့် ဒဘတ်ချောင်းတံတားတို့ကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ဧရာဝတီအရှေ့ဘက်ခြမ်း ဗန်းမော်ဘက်မှ မန္တလေး-တကောင်း-ဗန်းမော်လမ်း (မဟာဗျူဟာ) လမ်းသစ်ကြီးကို ကျောက်အမာခံလမ်းမှ ကတ္တရာလမ်းတည်ဆောက်နေကြောင်း၊ ငါးအိုးတံတား၊ စင်းခန်းတံတားများကိုလည်း တည်ဆောက်ပြီးဖြစ်ကြောင်း။

**အမှာစကား ပြောကြား**

**နမ္မတီးတံတား (ကံလှ) ဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## တည်ဆောက်နိုင်ခဲ့

ပူတာအိုဒေသ၌ ဆိုလျှင်လည်း ပူတာအို-နောင်ခိုင်-မချမ်းဘောလမ်း၊ မချမ်းဘော-ဖရူ-နောင်မွန်းလမ်း၊ မြောက်ဘက်ဖျား ခါကာဘိုရာဇီတောင်ကို သွားသည့် ရပ်ဘော့-ဂေါ်လဲထု-ပန်နန်းဒင်လမ်း၊ ဖုန်ကန်ရာဇီရေခဲတောင်ကိုသွားရောက်သည့် ဂျစ်ကားလမ်းနှင့် ကြိုးတံတားများကိုလည်း တည်ဆောက်နေကြောင်း၊ ယခင်က မြစ်ကြီးနားနှင့်ပူတာအိုကို လေယာဉ်လမ်းကြောင်းတစ်ခုတည်းသာ အားကိုး သွားလာနေရသော်လည်း ယခုအခါ မော်တော်ယာဉ်များဖြင့် ကုန်စည်တင်ပို့ခြင်းများဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းပိုင်းကိုလည်း လမ်းအထူးအဖွဲ့(၆)က ဒေသခံ အသင်းအဖွဲ့များနှင့်အတူ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလမ်းပေါ်တွင်ရှိသည့် ၂၃၅ပေအရှည်ရှိ ဖုန်အင်တံတားသစ်ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အချိန်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ၁၉၈၈ခုနှစ်နောက်ပိုင်း ကတ္တရာလမ်းမိုင်၁၈၀၀လေးဖာလုံအပါအဝင် ကျောက်လမ်း၊ အမာခံလမ်း၊ မြေသားလမ်း စုစုပေါင်း မိုင်ပေါင်း ၅၀၀၀ကျော် တိုးတက်ဖောက်လုပ်ခဲ့ပြီး ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်း ကတ္တရာလမ်း ၁၂၄မိုင် တိုးချဲ့နိုင်ခဲ့ပြီး လမ်းသစ် ၁၀၆မိုင် တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိကချင်ပြည်နယ်အတွင်း လမ်းမိုင်အရှည် စုစုပေါင်း ၂၂၇၂မိုင်နှင့် ၃၃သမ ၅ဖာလုံဖောက်လုပ်ထားပြီးဖြစ်ကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀အထက်တံတားကြီးပေါင်း ၁၉၇စင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် နမ္မတီး(ကံလှ)တံတားသည် ၁၉၈စင်းမြောက်တံတားဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၁၄စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် ပေ ၁၈၀အထက် တံတားကြီးတစ်စင်းဖြစ်ကြောင်း။

## လက်တွဲလျှောက်လှမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်နယ်နှင့်တိုင်း လွယ်လင့်တကူ ကူးသန်းသွားလာနိုင်သည့် လမ်းမကြီးများ၊ တံတားကြီးများကို စဉ်ဆက်မပြတ် ဖောက်လုပ်တည်ဆောက်နေလျက်ရှိသည့် အချိန်တွင် ဒေသခံပြည်သူများသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း ကူညီဆောင်ရွက်သွားကြပါ၊ ဤတံတားကြီး ခိုင်ခံ့တည်မြဲအောင်လည်း စောင့်ရှောက်သွားကြပါ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီကိုအတူ လက်တွဲလျှောက်လှမ်းကြပါဟု ပြောကြားသွားသည်။

## တိုးတက်ဆောင်ရွက်ပေးနိုင်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေရသည့် လမ်းများမှာ ၁၉၈၈ ခုနှစ်အထိ တစ်နိုင်ငံလုံး လမ်းမိုင်အရှည် ၁၃၆၃၅ မိုင်ရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင် အရှည် ၁၉၀၂၀/၆ မိုင် ရှိလာပြီဖြစ်သည့်အတွက် ၅၃၈၅/၆ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ပင် ကချင်ပြည်နယ်၌ ၁၉၈၈ ခုနှစ်အထိ လမ်းမိုင် ၁၄၇၁ မိုင်ရှိခဲ့ရာက ယနေ့ဆိုလျှင် ၁၆၅၂/၄ မိုင်ရှိလာပြီး ၁၈၁/၄ မိုင်အထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တံတားပိုင်းတွင်ဆိုလျှင်လည်း ပေ ၁၈၀ နှင့်အထက် တံတားများသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဤနမ္မတီးတံတား(ကံလှ)အပါအဝင်ဆောက်လုပ်ရေးက ၁၉၈ စင်း၊ တပ်မတော်က ၁၁ စင်း၊ ရထားပို့ဆောင်ရေးက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားက နှစ်စင်း စုစုပေါင်း ၂၁၈ စင်းဖြစ်ကြောင်း။

တစ်ပြည်လုံး၌ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပေ ၂၀ မှ ပေ ၁၀၀ အထိ ၁၈၃၄ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အထိ ၂၄၀ စင်း၊ ၁၉၈၈ခုနှစ် မတိုင်မီကာလအထိ တည်ဆောက်ပြီး ပေ ၁၈၀နှင့်အထက် တံတားပေါင်း ၁၉၈စင်းနှင့် ကချင် ပြည်နယ်အတွင်း၌ ၂၇စင်းသာရှိခဲ့ရာမှ ယနေ့ဆိုလျှင်ယခု တံတားကြီး အပါအဝင် ၄၁ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အထိ တံတား ၁၆ စင်း၊ ပေ ၂၀မှ ပေ၁၀၀အထိ တံတား ၂၂၈ စင်းတို့ တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်သည့် နမ္မတီးတံတား(ကံလှ)သည် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ဤတံတားအပြင် ကောင်းမှုလုံကြိုးတံတား(ဂျစ်ကားကူး) နှင့် ဒွန်ဘန်တံတား၊ ဖုန်အင်တံတားများကိုလည်း ဆက်လက် ဖွင့်လှစ်ပေးနိုင်အောင် ဆောင်ရွက်နေကြောင်း။

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

**ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ နမ္မတီးတံတား(ကံလှ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**
(သတင်းစဉ်)

## အကုန်အကျခံ

ဤတံတားကြီးကို ပြည်တွင်းငွေကျပ်သန်းပေါင်း ၆၆၄ ဒသမ ၂သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားအပါအဝင် တံတားကြီး ၁၉၈ စင်းအတွက် ကုန်ကျစရိတ်မှာ ပြည်တွင်းငွေ ကျပ်သန်းပေါင်း ၁၅၄၀၂၀ နှင့် နိုင်ငံခြားငွေ ၁၇၃သန်းကျော် ဖြစ်ကြောင်း။

ထို့အပြင် ပေ၁၀၀နှင့် ပေ ၁၈၀ အထိ တံတားပေါင်း အစင်း ၂၄၀ ကို တည်ဆောက်ပေးပြီးဖြစ်ရာ ကုန်ကျစရိတ်မှာ စုစုပေါင်း ပြည်တွင်းငွေကျပ်သန်းပေါင်း ၇၀၉၅ သန်းအထိ နိုင်ငံတော်က ကျခံ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် တည်ဆောက်ပေးခဲ့ပြီးသော လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်အောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

## ထိန်းသိမ်းစောင့်ရှောက်

ဆက်လက်၍ ဒေသခံ ပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သော ဦးယုနိုင်က တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ပါကြောင်း တို့ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့သည် တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်မည့် မုခ်ဦးသို့ သွားရောက် နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖဲကြိုးဖြတ်၍ နမ္မတီးတံတား(ကံလှ)ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေသခံများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နမ္မတီးတံတား(ကံလှ) မော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြကာ တံတားကို ဖြတ်သန်းကြည့်ရှု၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## နမ္မတီးတံတား(ကံလှ)

နမ္မတီးတံတား(ကံလှ)၏ တံတားအမျိုးအစားမှာ တံတားအောက်ထည်သည် အုတ်မြစ် သံကူကွန်ကရစ်ရေတွင်းခွေ၊ တံတားအပေါ်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး တံတား အရှည်မှာ ပေ၂၈၀ ရှိ၍ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီပါရှိကာ ခွင့်ပြုယာဉ် အလေးချိန်သည် ယာဉ်တစ်စီးချင်းမှာ တန် ၆၀ ဖြစ်သည်။

ယခင်က နမ္မတီး-ကံလှ တံတားဟောင်းသည် H-20သံပေါင်တံတားအမျိုးအစားဖြစ်ပြီး တန်၂၀အထိသာ ဖြတ်သန်းသွားလာနိုင်ခဲ့ရာမှ ယခုအခါ သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်၍ ယာဉ်တစ်စီးချင်းမှာ တန် ၆၀အထိ လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန် ထမ်းကြရာဝယ်

နိုင်ငံ့ဝန် ထမ်းကြရာဝယ်ဟူသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စောင်ကို နိုင်ငံ့ဝန်ထမ်းဘဝ နှစ်ပတ်လည် အမှတ်တရအဖြစ် လွန်ခဲ့သည့်နှစ်နှစ်က ရေးသားဖော်ပြခဲ့ဖူးပါသည်။ ပြီးခဲ့သည့် လအနည်းငယ်ခန့်က မြန်မာနိုင်ငံမှ နိုင်ငံ့ဝန်ထမ်းများအတွက် သိသိသာသာ တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်ခဲ့ရာ "နိုင်ငံ့ဝန်ထမ်းကြရာဝယ်" ခေါင်းစဉ်ဖြင့်ပင် ဆောင်းပါးတစ်စောင် ထပ်မံရေးသားရန် အကြံရခဲ့သည်။ ယခု ဝန်ထမ်းဘဝ နှစ်ပတ်လည်နေ့ရောက်မှ လက်တွေ့ရေးဖြစ်ပါတော့သည်။

နိုင်ငံ့ဝန်ထမ်းများအတွက် မကြာမီက ပေါ်ပေါက်ခဲ့သော တိုးတက်ဖြစ်ထွန်းမှု ဖြစ်စဉ်နှစ်ရပ်မှာ နေပြည်တော်သို့ ပြောင်းရွှေ့အခြေချခြင်း ဖြစ်စဉ်နှင့် ဝန်ထမ်းလစာ သိသိသာသာ တိုးမြှင့်ပေးခြင်း ဖြစ်စဉ်များ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရရုံးဌာနများ နေပြည်တော်သို့ ပြောင်းရွှေ့အခြေချခြင်းဖြစ်စဉ်မှာ လအနည်းငယ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး စနစ်တကျ ကြိုတင်ပြင်ဆင်မှုဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သဖြင့် အတော်အတန် နေသားတကျ ဖြစ်နေသည်ကို ဝန်ထမ်းများအသိပင် ဖြစ်ပါသည်။

တစ်သက်တွင် တစ်ခါပင် ကြုံခွင့်မရသည့် ဖြစ်စဉ်ဖြစ်ရပ်တွင် နိုင်ငံ့ဝန်ထမ်းများ လက်တွေ့အကျိုးခံစားရသည်မှာ နိုင်ငံတော်က စနစ်တကျ စီမံဆောက်လုပ်ပေးထားသည့် ခမ်းနားထည်ဝါလှပသော ပုံစံတူ ရုံးအဆောက်အအုံအသစ်များတွင် အလုပ်လုပ်ကိုင်ရခြင်းနှင့် ရာထူးအဆင့်အလိုက် သက်သောင့်သက်သာနေထိုင်နိုင်ရန် ဆောက်လုပ်ပေးထားသည့် နေအိမ်အခန်းများတွင် နေထိုင်ခွင့်ရရှိခြင်း အကျိုးကျေးဇူးများပင် ဖြစ်ပါသည်။ ဝန်ထမ်းဘဝ၏ ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။

မျက်မှောက်ခေတ်ကာလ နိုင်ငံ့ဝန်ထမ်းဘဝ၏ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်နှင့် ဆက်စပ်၍ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရမည်သာ ဖြစ်ပါသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဖြစ်စဉ်ဖြစ်ရပ် အခြေအနေများကို သုံးသပ်တွေးဆ၍ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ဦးဆောင်ပြီး အမြော်အမြင် ကြီးမားစွာဖြင့် နေပြည်တော် ပြောင်းရွှေ့အခြေစိုက်ရာတွင် နေပြည်တော် အင်္ဂါရပ်နှင့်အညီ အစိုးရရုံး၊ ဝန်ကြီးဌာနများ ပြောင်းရွှေ့ရမည်သာ ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနများ ရုံးစိုက်ခဲ့ရာ ဝန်ကြီးများရုံးမှာ ယခင် ကိုလိုနီခေတ်က ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် အတွင်းဝန်ရုံးဟောင်းကြီးသာဖြစ်သည်။ မကြာမီ နှစ်အနည်းငယ်က ခွဲခြားဆောက်လုပ်ခဲ့သည့် ဝန်ကြီးဌာနအချို့သာ ရုံးအဆောက်အအုံအသစ်နှင့် နေရသည်။ ခြောက်ထပ်ရုံးသစ်ကြီး ဆိုသည်မှာလည်း နှစ် ၅၀ ခန့် သက်တမ်းရှိသည့် ရုံးဟောင်းကြီးဖြစ်နေလေပြီ။ မိုးယိုသည်နှင့်၊ ကြမ်းကျွံသည်နှင့် ရေမိလ္လာပိုက်ချွတ်ယွင်းသည်နှင့် မကြာခဏ ကြုံတွေ့ရသည့် ရုံးဟောင်းကြီးများ ဖြစ်သည်။ သံလေှကားပင် တိုက်စား၍ တစ်ခြမ်းပဲ့နေပြီ ဖြစ်ပါသည်။

ယခုတော့ သစ်လွင်ခံ့ညားကျယ်ဝန်းသည့် ရုံးသစ်ကြီးများမှာ နေပြည်တော်ရှိ ဝန်ထမ်းများ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင်။ ရုံးနံပါတ်များဖြင့် တစ်မျှော်တစ်ခေါ် စီတန်းတည်ရှိနေကြသည်။ သပြေကုန်းဒေသမှ ရှုမငြီးဖွယ်ရာ မြင်ကွင်းသစ်တစ်ရပ် ဖြစ်နေပါသည်။ ဝန်ကြီးဌာန အသီးသီးကလည်း ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မြင်ကွင်းပသာဒ လှပရေးအတွက် ကြိုးပမ်းစိုက်ပျိုး တည်ဆောက်နေကြသည်မှာ အားရဖွယ်ရာ ဖြစ်နေပါပြီ။ စိုက်ပျိုးထားသည့် သစ်ပင်၊ပန်းမန်တွေကလည်း အလှချင်းပြိုင်နေကြပါပြီ။

နေပြည်တော်မှ နိုင်ငံ့ဝန်ထမ်းများ၏ အိမ်ရာများကို ကြည့်လျှင် တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်၊ လေးထပ် ပုံစံတစ်ဆင်တည်းနှင့် အရောင်အသွေးကစုံလှသည်။ အခြေခံအကျဆုံး ဝန်ထမ်းမှစပြီး ဝန်ကြီးအဆင့်အထိရှိသည့် အရာထမ်းများအတွက် အဆင့်အလိုက် တိုက်အသစ်များ ရှိသည်။ လူပျို၊ အပျို အိမ်ထောင်မရှိသူများအတွက်လည်း ကျား၊ မ ခွဲခြား၍ အဆောက်အအုံများရှိသည်။ နိုင်ငံ့ဝန်ထမ်းဘဝ တစ်ခေတ်ဆန်းချိန်ဟု ဆိုရပေမည်။

ရန်ကုန်တွင် ဝန်ထမ်းအိမ်ရာပေးနိုင်သည့်ဌာနမှာ မများလှပါ။ ဝန်ထမ်းအများစုမှာ အိမ်ငှားနေကြရသည်။ အိမ်ငှားခ မတတ်နိုင်၍ နယ်ကို ပြောင်းပေးပါဟု ပန်ကြားလာသူ အလယ်အလတ်အဆင့် အရာထမ်းတစ်ဦးကို သွား၍သတိရမိပါသည်။ ယခု နေပြည်တော်တွင် ၎င်းအရာထမ်းသည် နှစ်ခန်းတွဲ သုံးထပ်တိုက်တွင် သက်သက်သာသာနှင့် အဆင့်အတန်းမီမီ နေနိုင်ပေပြီ။

နေပြည်တော်တွင် လုပ်ငန်းခွင်နှင့် နေထိုင်ရေး အစီအမံ အခင်းအကျင်းကို ဝန်ထမ်းအများအပြား သိရှိပြီးဖြစ်၍ အကျယ်မချဲ့လိုတော့ပါ။ ပန်းသတင်း လေညင်းဆောင်ဆိုသလို ဝန်ထမ်းအချင်းချင်း သတင်းပြန့်ပြီး ဖြစ်၍ အမြန်ပြောင်းရွှေ့အခြေချရေး စိတ်အားထက်သန်နေကြပါသည်။ ကျောင်းနှင့်၊ ဈေးနှင့်၊ ဆေးရုံနှင့် ပြည့်စုံသည်ထက် ပြည့်စုံနေပါသည်။ မလိုတမာစိတ်ထားနှင့် ချဲ့ကားဝေဖန်ကြသူများပင် လက်တွေ့အခြေအနေကို ငြင်းကွယ်၍မရနိုင်သဖြင့် နှုတ်ဆိတ်နေကြရပြီဖြစ်သည်။

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအတွက် ထားရှိသည့်စေတနာကို နိုင်ငံ့ဝန်ထမ်းများကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ရှိခံစားရလျက်ရှိပါသည်။

မကြာမီက ပေါ်ပေါက်ခဲ့သော ဖြစ်ထွန်းမှုဖြစ်စဉ် နောက်တစ်ခုမှာ ဝန်ထမ်းလစာများ သိသိသာသာ တိုးမြှင့်ပေးခြင်းဖြစ်ပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာကို လေးကြိမ်တိုင် တိုးမြှင့်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်သည်။ အခြေအနေပေးသည်နှင့်အမျှ နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများကို ကြည့်ရှုစောင့်ရှောက်လျက်ရှိသည်။

ယခုတစ်ကြိမ် တိုးမြှင့်ပေးသည့်နှုန်းထားမှာ များစွာထူးခြားလှသည်။ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်နေသဖြင့် ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်အလမ်းများ အများအပြား ပေါ်ပေါက်လာရသည်။ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း အများအပြား ပေါ်ပေါက်ဖြစ်ထွန်းလာသည်။ ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများထက် သာလွန်များပြားသည့်လစာကို ခံစားခဲ့ကြရသည်။

**မောင်သံမြိုင်**

ယခုတစ်ကြိမ် နိုင်ငံ့ဝန်ထမ်းများ တိုးမြှင့်ရရှိသည့်လစာမှာ ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများထက်မနည်း၊ ဝန်ထမ်းအဆင့်နှင့်လျော်ညီစွာ ခံစားကြရသည်။ တိုးတက်ကောင်းမွန်ဖြစ်ထွန်းလာသော နိုင်ငံတော်၏ ရငွေ၊ ဝင်ငွေ အခြေအနေ၏ အသီးအပွင့်ကို နိုင်ငံ့ဝန်ထမ်းများ ထိုက်ထိုက်တန်တန် ရရှိခံစားလာရခြင်းပင်ဖြစ်သည်။ ရေမြင့်၍ ကြာတင့်သည့် သဘောသဘာဝကို နိုင်ငံ့ဝန်ထမ်းတိုင်း သဘောပေါက် သတိပြုသင့်ပေသည်။

ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ပို့ကုန်တိုးမြှင့်နိုင်မှုမှ ရရှိလာသည့် အကျိုးအမြတ်များနှင့် နိုင်ငံတော်က ရသင့်သည့်အခွန်အခများ တိုးမြှင့်ရရှိလာသည်နှင့်အမျှ နိုင်ငံတော်၊ ပြည်သူနှင့်ဝန်ထမ်းများ ပိုမို၍ အကျိုးခံစားကြရမည်။ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို တိုးတက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်း ပမာဏကိုလည်း ပြည်သူအများ မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။ ပြည်သူ့အကျိုးစီးပွား ဦးထိပ်ထားလျက် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသဖြင့် ကဏ္ဍအသီးသီးတွင် အစီအရီ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိရာ ၎င်းအကျိုးကျေးဇူးများကို ပြည်သူတို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများကလည်း ရရှိခံစားနေကြရပြီဖြစ်သည်။

တင်ပြခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးတက်ဖြစ်ထွန်းမှု ဖြစ်စဉ်နှစ်ရပ်မှာ လက်တွေ့သာဓကများဖြစ်ပါသည်။ နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်း အပါအဝင်ဖြစ်သော ပြည်သူလူထု၏အကျိုးစီးပွားကို ဦးထိပ်ထားလျက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ယန္တရားများကို သွက်လက်ထက်မြက်စွာ လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသော နိုင်ငံ့ဝန်ထမ်းများကလည်း တာဝန်သိသိ၊ သစ္စာရှိရှိ၊ အရည်အချင်းပြည့်ဝစွာဖြင့် ကျရာတာဝန်များကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်ရာ၊ ကျေးဇူးတုံ့ပြန်ရာ ရောက်ပေမည်။

နိုင်ငံ့ဝန်ထမ်းတိုင်းသည် အခြေခံအကျဆုံးဖြစ်သော "ဝန်ထမ်းကျင့်ဝတ်" စာစောင်ပါ ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများကို သိရှိ၊ ထမ်းဆောင်၊ စောင့်ထိန်းလိုက်နာကြရပါမည်။ တာဝန်ထမ်းဆောင်မှုအနေဖြင့် နိုင်ငံတော်၏အကျိုးအတွက် အချိန်ပြည့် အလုပ်လုပ်ရန် တာဝန်ရှိကြောင်း၊ မူလတာဝန်သာမက အခြားလိုအပ်သော တာဝန်များကိုလည်း နိုင်ငံတော်က ပေးအပ်လာလျှင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရန် တာဝန်ရှိကြောင်း အစဉ်သတိပြုနေရမည်ဖြစ်ပါသည်။ စောင့်ထိန်းရမည့် ကျင့်ဝတ်များတွင် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရန်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်၊ ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရန်၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရန် အစရှိသည့် ကျင့်ဝတ် ၁၅ ရပ်ကို စောင့်ထိန်းကြရပါမည်။ ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့် ပတ်သက်၍ အလုပ်ခွင်ဆိုင်ရာ၊ အလုပ်ချိန်ဆိုင်ရာစည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းကမ်းများ၊ ပြုမူဆက်ဆံရေးဆိုင်ရာစည်းကမ်းများ အစရှိသဖြင့် စည်းကမ်းသတ်မှတ်ချက်များ ရှိပါသည်။ အသေးစိတ်ဖော်ပြထားသော စည်းကမ်းများအနက် အလုပ်အချိန်အတွင်း မိမိရာထူးအဆင့်နှင့် လျော်ညီစွာ ဝတ်ဆင်ရေး၊ အလုပ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ မိမိလက်ဝယ် အလုပ်ကြွေးကျန်မရှိရေးမှ အစပြု၍ တာဝန်အရ အပ်နှံထားသည့် လုပ်ပိုင်ခွင့်နှင့် ရာထူးအရှိန်အဝါကိုသုံးပြီး ကိုယ်ကျိုးရှာခြင်းမပြုရေးနှင့် လုံခြုံရေးဆိုင်ရာ စည်းကမ်းများကို အထူးသတိပြု လိုက်နာရေးတို့ ဖြစ်ပါသည်။ သတ်မှတ်ထားသည့် စည်းကမ်းများကို ဝန်ထမ်းတိုင်းက လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်ယန္တရားကို သွက်လက်၊ ထက်မြက်၊ ချောမွေ့စွာ လည်ပတ်နိုင်စေရန် တာဝန်ယူဆောင်ရွက်ရသည့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းအချင်းချင်းသာမက ပြည်သူအများနှင့် အစဉ်ထိတွေ့ဆက်ဆံနေရပါသည်။ အများပြည်သူတို့နှင့် ထိတွေ့ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်စာစောင်ပါ ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကို အလေးထား လိုက်နာကြရပါမည်။ မိမိထမ်းဆောင်ရသည့်တာဝန်နှင့် ဆက်စပ်၍ အကျိုးအမြတ်မရယူရေးကို စည်းကမ်းရပ်များအဖြစ် သတ်မှတ်ထားကြောင်း ကျေညက်စွာ သိရှိလိုက်နာကြရမည် ဖြစ်ပါသည်။

ပြည်သူအများနှင့် ထိတွေ့ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးကိုလည်း သတိထားစောင့်စည်းကြရပါမည်။ မြန်မာအဘိဓာန်တွင် ကိုယ်ကျင့်တရားဆိုသည်မှာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး၏ စောင့်စည်းမှု အကျင့်သိက္ခာဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နေစိတ်ထားသည် လုပ်ငန်းဌာနကိုသာမက နိုင်ငံတော်အထိပင် ရောင်ပြန်ဟပ်နိုင်ကြောင်း သတိပြုသင့်ပေသည်။ အခြေခံပညာကျောင်းများမှစ၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များအထိ သင်ကြားပေးနေသော ပြည်သူ့နီတိ ပို့ချချက်များသည် မြန်မာ့လူ့ဘောင်တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါသည်။ နီတိဟူသည် လူမှုရေး နည်းပေးလမ်းညွှန်ဖြစ်ပါသည်။ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တွင် ရှိနေသော လူသားတစ်ယောက် လိုက်နာစောင့်ထိန်းသင့်သော လူ့ကျင့်ဝတ်ကိုလည်း အများနှင့်ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများက ပိုမိုအလေးထား လိုက်နာကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ **နိုင်ငံတော်၏ ကျေးဇူးကြောင့် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လျက်ရှိရာ နိုင်ငံတော်၏ ကျေးဇူးတရားကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာမှ ရယူခံစားနေရခြင်းဖြစ်သည့်အတွက် ပြည်သူတို့၏ကျေးဇူးကို တုံ့ပြန်သည့် အနေဖြင့်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာပြည့်ဝသော၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်သော၊ ကျင့်ဝတ်စောင့်ထိန်းပြီး စည်းကမ်းလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ပိုမိုရရှိဖြစ်ထွန်းအောင် ကြိုးပမ်းထမ်းဆောင်သွားကြ**ပါစို့ဟု နှိုးဆော်တိုက်တွန်း ရေးသားအပ်ပါသည်။ ။

(နိုင်ငံ့ဝန်ထမ်းဘဝ နှစ်ပတ်လည်နေ့ အမှတ်တရ)

**နိုင်ငံတော်၏ကျေးဇူးကြောင့် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လျက်ရှိရာ နိုင်ငံတော်၏ ကျေးဇူးတရားကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာမှ ရယူခံစားနေရခြင်းဖြစ်သည့်အတွက် ပြည်သူတို့၏ကျေးဇူးကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာပြည့်ဝသော၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်သော၊ ကျင့်ဝတ်စောင့်ထိန်းပြီး စည်းကမ်းလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ပိုမိုရရှိဖြစ်ထွန်းအောင် ကြိုးပမ်းထမ်းဆောင်သွားကြ။**

# အင်းတော်မြို့ မဲဇာစံပြကျေးရွာဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်သာအေး စံပြကျေးရွာဖွင့်ပွဲ မုခ်ဦးကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဩဂုတ် ၂၂

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ကသာမြို့ ဓမ္မပါလပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် ဆီဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။**

အစီအစဉ်အရ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကသာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာလေးထပ်ကျောင်းဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာကြားကြသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်းကြပြီး လေးထပ်ကျောင်းဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် အင်းတော်မြို့နယ်ရှိ မဲဇာစံပြကျေးရွာ၌ ကျင်းပသည့် မဲဇာစံပြကျေးရွာနှင့် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အလုပ်အမှုဆောင် အရာရှိက ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကသာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်နှင့် မဲဇာကျေးရွာဥက္ကဋ္ဌ ဦးစံရင်တို့က မဲဇာစံပြကျေးရွာနှင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးက မဲဇာစံပြကျေးရွာ ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်ပေးသည်။

### ဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် မူလကျောက်ချောလမ်းအရှည် ၈၅၄၂ပေ၊ လမ်းအကျယ် ၁၂ပေရှိသည့်အနက် လမ်းအရှည်ပေ ၄၆၀၀အား ငွေကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံကာ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက်တိုင်းမှူးသည် မဲဇာစံပြကျေးရွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်နှင့်တယ်လီဖုန်းဆက်သွယ်ရေးရုံး ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ ကျေးရွာအတွင်းရှိ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ လည်းကောင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်မီးစက်ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း လှည့်လည်တက်ရောက်အားပေးဖွင့်လှစ်ပေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် မဲဇာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အားတိုးဆေးများ ထောက်ပံ့ပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် မဲဇာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မဲဇာကျေးရွာဖွင့်ပွဲနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများအား တွေ့ဆုံရာ မဲဇာကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဦးဝင်းလှိုင်က မဲဇာကျေးရွာ၏ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်ညွန့်က ကျေးရွာလူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၁ လက်မရောင်စုံရုပ်မြင်သံကြားစက်**(ဝဲပုံ)**၊ အားကစားပစ္စည်းနှင့် ဂျာနယ်၊ မဂ္ဂဇင်းများ၊ မဲဇာအခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းစိမ်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာသင်ခုံများ၊ စစ်မှုထမ်းဟောင်းများအတွက် ဝတ်စုံများ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းအတွက်ဝတ်စုံများနှင့် အပ်ချုပ်စက်များ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ဗလာစာအုပ်များကိုလည်းကောင်း၊ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးကဇာတိမာန်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၂၂**

အကြိုဝန်ထမ်းလောင်းသင်တန်း အမှတ်စဉ်(၂)နှင့် အခြေခံစာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၉) တို့၏ သင်တန်းဆင်းပွဲကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီက အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းက အကြိုဝန်ထမ်းလောင်းသင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသူစံပြဆုနှင့် သင်တန်းသား စံပြဆုကိုလည်းကောင်း၊ အခြေခံစာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၉)မှ သင်တန်းသူ စံပြဆုနှင့် သင်တန်းသား စံပြဆုကိုလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူကိုယ်စားလှယ်များအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

**အင်းစိန်မြို့နယ် အမှတ် (၁၄၁) မြင့်မိုရ်လမ်း ဈေးကုန်းအနောက်နေ ဦးအုံးရှိန်–ဒေါ်ကြင်ငွေနှင့် သားသမီးမြေးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာဗဟို)သို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။** (က–ပ)

# လယ်ဝေးမြို့နယ် မြွေရိုးလေးရှေ့တန်းစခန်းတွင် မိုးစပါးထွန်တုံးပိတ် ဓာတ်မြေသြဇာစုပေါင်းကြဲပက်ပွဲနှင့် စပါးခင်းအတွင်းငါးမွေးမြူရေး အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

**ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် မြွေရိုးလေးရှေ့တန်းစခန်း မိုးစပါး ထွန်တုံးပိတ်ပွဲ၊ ဓာတ်မြေသြဇာစုပေါင်းကြဲပက်ပွဲနှင့် စပါးခင်းအတွင်း ငါးမွေးမြူခြင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ခရမ်းကိုင်းကျေးရွာ၊ နေပြည်တော်လေဆိပ် ကွန်ကရစ်လမ်းအနီး လယ်မြေ၌ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်နှင့်ဇနီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှု ကော်မတီဝင်များ၊ မြွေရိုးလေးရှေ့တန်းစခန်း တာဝန်ခံနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်က ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး စိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း၊ စခန်းတာဝန်ခံက မြွေရိုးလေးရှေ့တန်း စခန်းထွန်တုံးပိတ်ပွဲ စိုက်ပျိုးနိုင်မှုအခြေအနေများကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမှတ်ကြီးက ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြပြီး မြွေရိုးလေးရှေ့တန်းစခန်း ကွင်းပိတ်အစီရင်ခံစာကို စခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

### ငါးများထည့်သွင်းပေး

ထို့နောက် တိုင်းမှူးက မိုးစပါးပန်းတိုင် အထွက်နှုန်းကောင်းမွန်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စပါးစိုက်ခင်းအတွင်း ငါးထည့်သွင်းမွေးမြူခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးက လယ်ဝေးမြို့နယ်အတွက် ငါးကောင်ရေ ၅၀၀၀ကို မြို့နယ်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက လူမှုရေးအသင်းအဖွဲ့များသို့လည်းကောင်း ငါးမျိုးများပေးအပ်ကာ တက်ရောက် လာကြသူများသည် စပါးခင်းများအတွင်း ငါးများထည့်သွင်းမွေးမြူပေးကြသည်။ **(အပေါ်ပုံ)**

### လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စပါးခင်းများအတွင်း ဓာတ်မြေသြဇာ စုပေါင်းကြဲပက်မှု၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံး လက်သုံး ထွန်စက်များ ခင်းကျင်းပြသရောင်းချမှု၊ ရေအရင်းအမြစ် ဦးစီးဌာနမှ ခြေနင်း ရေတင်စက်ဖြင့် ရေတင်သရုပ်ပြမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

### ကြိုးပမ်းဆောင်ရွက်

လယ်ဝေးမြို့နယ်အနေဖြင့် ၂၀၀၆–၂၀၀၇ခုနှစ်အတွင်း မိုးစပါး ၇၃၀၅၄ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအထိ ၆၈၇၆၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လျာထားဧကပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကျွေးမွေး

**ဩဂုတ် ၁၇ ရက်က ကျောင်းကျန်းမာရေး သီတင်းပတ် အဖြစ် အလက (၂)ဒဂုံ၌ အလှူရှင် ဦးအေးလွင်နှင့် ဒေါ်ခင်မာဆွေ မိသားစုက ကျောင်း သူကျောင်း သားကလေး များအတွက်အာဟာရအဖြစ် နွားနို့နှင့် ကိတ်မုန့်ကျွေးမွေးလှူဒါန်းစဉ်။** (က–ပ)

23-8 (11).p65 1 1/1/32, 1:43 PM

# မလေးရှားဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအသင်း ထိပ်သီးအသင်းများနှင့်တွေ့

ရန်ကုန် ဩဂုတ် ၂၂

**မလေးရှားနိုင်ငံ ပီနန်မြို့တွင်ကျင်းပမည့် ဒုတိယအကြိမ်မြောက် မလေးရှား အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ သုံးယောက်တွဲပြိုင်ပွဲ၌ အိမ်ရှင်မလေးရှားမှ နှစ်သင်း၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဘရူနိုင်းနှင့် အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားနှင့် ပါကစ္စတန်နိုင်ငံတို့မှ အသင်းပေါင်း ၁၂ သင်း အုပ်စုနှစ်စုခွဲ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာအသင်းသည်(က)အုပ်စုတွင်ပါဝင်ပြီး ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အိမ်ရှင်မလေးရှား(က)အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။**

အမျိုးသား(ခ)အုပ်စုတွင် အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ပါကစ္စတန်၊ ဘရူနိုင်းနှင့် အိမ်ရှင်မလေးရှား(ခ)အသင်းတို့ ပါဝင်သည်။

အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယရရှိသော အသင်းနှစ်သင်းစီသည် အကြိုဗိုလ်လုပွဲ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ယှဉ်ပြိုင်ရမည်

မြန်မာအမျိုးသား ပိုက်ကျော်ခြင်းအသင်းသည် ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီခွဲတွင် ထိုင်းအသင်းနှင့် ပွဲဦးထွက်တွေ့ဆုံပြီး ည ၈နာရီခွဲတွင် ဖိလစ်ပိုင်နှင့် လည်းကောင်း၊ ည ၉ နာရီ ၄၅ မိနစ်တွင် မလေးရှား (က)အသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီတွင် ဂျပန်အသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်း ပွဲဦးထွက်နေ့တွင် သုံးပွဲကစားရမည်ဖြစ်ရာ နှစ်ပွဲသည် အာရှထိပ်သီး ထိုင်း၊ မလေးရှားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပွဲကျပ်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင်လည်း အုပ်စုနှစ်စုခွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ (က)အုပ်စုတွင် အိမ်ရှင် မလေးရှား(က)အသင်း၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်နှင့်အတူ မြန်မာအသင်း တစ်အုပ်စုတည်း ကျရောက်နေပြီး ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## (ခ)အုပ်စု

(ခ)အုပ်စုတွင် အင်ဒိုနီးရှား၊တောင်ကိုရီးယား၊ မလေးရှား (ခ) အသင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့ ပါဝင်သည်။ အသင်းလိုက်ပြိုင်ပွဲတွင်လည်း အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယရရှိသော အသင်းနှစ်သင်းစီသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

# အခြေခံဂေါက်သီးရိုက်သင်တန်းများဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၂**

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက်လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ဂေါက်သီးရိုက်သင်တန်းများကို ဩဂုတ်၂၆ရက်မှစတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ အခြေခံဂေါက်သီးရိုက်သင်တန်းနှင့် အခြေခံမွမ်းမံ ဂေါက်သီးရိုက်သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

## ဦးရာလူစနစ်

ယင်းသင်တန်းများအနက် သင်တန်းတစ်ခုလျှင် သင်တန်းသားအများဆုံး၁၂ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်ပြီး လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးမရွေး တက်ရောက်နိုင်ကြပြီး ဦးရာလူစနစ်ဖြင့် လက်ခံမည်ဖြစ်သည်။

## စာရင်းပေးသွင်းနိုင်

သင်တန်းတွင် ဘောလုံး၊ ဂေါက်တုတ်နှင့် ဂေါက်သီးရိုက် ကိရိယာပစ္စည်းများလည်း စီစဉ်ပေးမည်ဖြစ်ရာ တက်ရောက်လိုပါက လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်သည့်အပြင် ဖုန်း-၀၁-၇၀၆၇၈၈သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဩဂုတ်၂၀ ရက်က အင်းစိန် မီးရထားဘောလုံးကွင်း၌ ရန်ကုန်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းများအား အားကစားလုပ်ငန်းဆိုင်ရာတွေ့ဆုံဆွေးနွေးစဉ်။** (က-ပ)

# သုတဘာဏ် စာတမ်းဖတ်မည်

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘာဏ် စာတမ်းဖတ်ပွဲတွင် ဦးအေးချို(မဟာဝိဇ္ဇာ)က “၁၈၈၅ ခုနှစ်အထိ မြန်မာအက္ခရာဖြင့် ပုံနှိပ် ထုတ်ဝေခဲ့သော စာအုပ်များ (အပိုင်း-၃)” စာတမ်းကို ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ဖတ်ကြားမည် ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်

**ရန်ကုန် ဩဂုတ် ၂၂**

(၁၄)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် သုရမောင်သိန်းခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

## တက်ရောက်

အခမ်းအနားသို့ ဒုတိယလေတပ် စခန်းဌာနချုပ်မှူး၊အုပ်မှူး၊တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ ရဲတပ်ဖွဲ့နှင့်မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံ-တရုတ်ချစ်ကြည်ရေး ဝူရှူးသရုပ်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၂**

(၁၅)နှစ်မြောက် အာဆီယံ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ဝူရှူးသရုပ်ပြပွဲကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ ရန်ကုန်မြို့၌ ကျင်းပရေးနှင့် စပ်လျဉ်းသည့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက အာဆီယံ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် ဝူရှူး သရုပ်ပြပွဲ နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

## အားပေးနိုင်

(၁၅)နှစ်မြောက် အာဆီယံ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်က ဝူရှူးသရုပ်ပြပွဲကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် နေ့စဉ်ညနေ ၃ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များယှဉ်ပြိုင်

**အမျိုးသားပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်း၏ ရိုက်ချက်ကို ရခိုင်ပြည်နယ်အသင်း ပိတ်ဆို့ကာကွယ်စဉ်။** (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၂

**၂၀၀၆ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် စတင်ကျင်းပရာ အမျိုးသမီး ကွာတားဖိုင်နယ် ပထမပွဲတွင် ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ လက်ရှိချန်ပီယံ မန္တလေးတိုင်းက ကယားပြည်နယ်ကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။**

## အကြိုဗိုလ်လုပွဲ

အမျိုးသား ကွာတားဖိုင်နယ်ပွဲစဉ်တွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းသည် ရခိုင်ပြည်နယ်အသင်းနှင့် ပွဲငယ်များတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသား ကွာတားဖိုင်နယ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က ဧရာဝတီတိုင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အကြို ဗိုလ်လုပွဲတွင် နာမည်ကြီး လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် ဆုံတွေ့မည် ဖြစ်သည်။

## ယှဉ်ပြိုင်ရမည်

အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော နာမည်ကြီး ရန်ကုန်တိုင်း အမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံ မန္တလေးတိုင်းအသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဩဂုတ် ၂၃ ရက် **(ယနေ့)**နံနက် ၈ နာရီတွင် ကွာတားဖိုင်နယ် အမျိုးသမီးနှင့် အမျိုးသားပြိုင်ပွဲများကို အောက်ပါအတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အမျိုးသမီးကွာတားဖိုင်နယ်

မကွေးတိုင်း နှင့် ကချင်ပြည်နယ်။

စစ်ကိုင်းတိုင်း နှင့် မွန်ပြည်နယ်။

## အမျိုးသားကွာတားဖိုင်နယ်

စစ်ကိုင်းတိုင်း နှင့် မွန်ပြည်နယ်။

ရန်ကုန်တိုင်း နှင့် ပဲခူးတိုင်း။

**(မြန်မာ့အလင်း)**

# အကပညာရှင်ကချေသည် မင်းသမီးချောတစ်ဦးအား လက်တွေ့ပွန်းချီဆွဲမည်

**ရန်ကုန် ဩဂုတ် ၂၂**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကပညာရှင်ကချေသည် မင်းသမီးချော တစ်ဦးအား လက်တွေ့ ပန်းချီရေးဆွဲရန် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး ပညာရေးဆပ်ကော်မတီက စီစဉ်လျက်ရှိသည်။

လက်တွေ့ ရေးဆွဲပွဲကို စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ရန်ကုန်ပန်းချီ ပန်းပုကျောင်းရှိ ကမ္ဘောဇခန်းမ၌ ရေးဆွဲကြမည်ဖြစ်ပြီး ရိုးရာပန်းပညာရှင် ပန်းချီဆရာများလည်း ပါဝင်ဂုဏ်ပြု ရေးဆွဲကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် ကာလပေါ်အဆိုပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်က လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ဗိုလ်တထောင်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဝိုင်းလမင်းအောင် ယှဉ်ပြိုင်စဉ်။** (က-ပ)

# မြေငလျင်ဆိုင်ရာ သုတေသန စာတမ်းများ ဖတ်ကြားမည်

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ မြေငလျင်ကော်မတီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ တက်တိုးနစ် မြေငလျင်ပညာ၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ငလျင်အင်ဂျင်နီယာဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး Myanmar Symposiumon Tectonics, Earthquake Engineering and Earthquake Related Hazardsကို ပညာရှင်အသီးသီးနှင့် အင်ဂျင်နီယာများက ဩဂုတ်၂၆ရက်(စနေနေ့)နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ စာတမ်းများ ဖတ်ကြားကြမည်ဖြစ်သည်။

ယင်းစာတမ်းဖတ်ပွဲသို့ တက်ရောက်လိုသူများနှင့် ပြခန်းခင်းကျင်းပြသလိုသူများသည် ဩဂုတ်၂၅ရက်မတိုင်မီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတည်ရာ တက္ကသိုလ်များ လှိုင်နယ်မြေသို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

ရေးသားတင်ပြသူ
မြင့်မောင်စိုး

## ဒဏ်ရာရနေသော အလန်စမစ် မန်ယူတွင် ပြန်ကစားတော့မည်

လန်ဒန် ဩဂုတ် ၂၂

**မန်ယူကစားသမား အလန်စမစ်သည် ဖေဖော်ဝါရီလက ခြေထောက်ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီးနောက် အသင်းတွင်ပါဝင်ကစားရန် ဩဂုတ်၂၁ရက်က ပထမဆုံးအကြိမ်အဖြစ် မန်ယူအသင်းသို့ပြန်ရောက်လာပြီဖြစ်သည်။**

မန်ယူရှေ့တန်းတိုက်စစ်အတွက်
အသင့်ဖြစ်နေသော အလန်စမစ်

အသက် ၂၅ နှစ်အရွယ်ရှိ အလန်စမစ်သည် ဖေဖော်ဝါရီလက လီဗာပူးအသင်းနှင့် အက်ဖ်အေဖလားလုရာတွင် ခြေကျိုးသွားခဲ့သည်။ ယင်းခြေကျိုးခဲ့မှုကြောင့် အများက ယခုနှစ် ဘောလုံးရာသီနှောင်းပိုင်းအထိ လွဲလိမ့်မည်ဟု ထင်ထားခဲ့ကြသည်။

**ကောင်းမွန်**

သို့ရာတွင် အလန်စမစ်သည် အကောင်းဆုံးကစားနိုင်နေပြီ ဖြစ်ကြောင်း မန်နေဂျာဖာဂူဆန်က ပြောကြားသည်။ ယင်းကစားသမားပြန်ကစားရေးအတွက် မန်ယူကလပ်တွင် ဩဂုတ် ၁၆ရက်က တစ်နာရီကြာ တံခါးပိတ်ဆွေးနွေးခဲ့ရာ ပြန်ကစားရန် လုံးဝ ကောင်းမွန်နေပြီဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ပါဝင်ဖွယ်ရှိ**

အဆိုပါ မန်ယူတိုက်စစ်မှူးသည် ပရီစတွန်အသင်းနှင့် ဩဂုတ် ၂၁ ရက် ညနေပိုင်းက ခြေစမ်းရာတွင် အလန်စမစ်မှာ အခြေအနေကောင်းပြီး ရွန်နေနှင့် ပေါလ်စခိုးတို့ပွဲပယ်ခံထားရ၍ ဝက်ဖို့ဒ်နှင့်ပွဲတွင် ပါဝင်လာဖွယ်ရှိသည်။

(အင်တာနက်)

## ချယ်လ်ဆီးအသင်း၏ နောက်တန်းလုံရေး ခါလစ်ဘိုလာရုစ်ဇ်အား ခေါ်ယူ

လန်ဒန် ဩဂုတ် ၂၂

**ဂျာမန်ကလပ်အသင်းဖြစ်သော ဟမ်းဘတ်အသင်းမှ ဟော်လန်နောက်တန်းကစားသမား ခါလစ်ဘိုလာရုစ်ဇ်အား ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးထုတ်ဖော်ပြောကြားခြင်းမရှိဘဲ စာချုပ်လိုက်ပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားသည်။**

အသက် ၂၄နှစ်ရှိ အဆိုပါ နောက်တန်း ကစားသမားသည် ဆေးစစ်ဆေးမှုခံယူပြီးနောက် ဩဂုတ် ၂၀ ရက်က ချယ်လ်ဆီးနှင့်ဟမ်းဘတ်တို့အကြား သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးက ဟမ်းဘတ်အသင်းမှ ယင်းကစားသမား ပြောင်းရွှေ့ကြေးအဖြစ် ပေါင်ခြောက်သန်း ပေးဖွယ်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။

**အရေးကြီးသည့်ကစားသမားဖြစ်**

အဆိုပါနောက်တန်း ကစားသမားသည် ဟော်လန်အသင်းကို ၁၅ကြိမ်တိုင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ၎င်းကစားသမားသည် အသင်းတစ်သင်းလုံးအတွက် အရေးကြီးသည့် ခံစစ်ကြောင်းများကို လုံအောင်ပိတ်ဆို့ ကစားနိုင်သည့် အရေးကြီးသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားသည်။

**ကစားရဖွယ်ရှိ**

ဘိုလာရုစ်ဇ် ချယ်လ်ဆီးသို့ ရောက်လာ၍ ကာဗယ်ဟိုနှင့် ဂျွန်တယ်ရီတို့နှင့်အတူ နောက်တန်းအလယ်တာဝန်ကို ကစားရဖွယ်ရှိသည်။ ၎င်းသည် ဩဂုတ်၂၃ရက်၌ ချယ်လ်ဆီးအသင်းနှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည်။

(အင်တာနက်)

## ယူအက်စ်ပီဂျီအေ ၂၀၀၆ဖလား ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်ဆွတ်ခူး

**မက်ဒီနက်(အမေရိကန်) ဩဂုတ် ၂၂**

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးရိုက် အားကစားသမား တိုက်ဂါးဝုဒ်သည် ယူအက်စ်ပီဂျီအေ၂၀၀၆ပြိုင်ပွဲတွင် ငါးချက်အသာရိုက်ပြီး ၎င်း၏ ၁၂လုံးမြောက် အဓိကဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အသက် ၃၀ရှိ တိုက်ဂါးဝုဒ်သည် စုစုပေါင်း လေးရက် သတ်မှတ်ရိုက်ချက်ထက် ၁၈ချက်လျှော့ရိုက်ပြီး အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲ၏ နေ့စဉ်သတ်မှတ်ရိုက်ချက်မှာ ၇၂ချက် ဖြစ်သည်။

**လျှော့ရိုက်ခဲ့**

အဆိုပါပြိုင်ပွဲ၏ ၂၀၀၃ခုနှစ် ချန်ပီယံ မီချဲလ်က ထိုနေ့တွင် ၆၉ချက်ရိုက်ပြီး ဒုတိယနေရာမှ လိုက်နိုင်ခဲ့သည်။ ၎င်းသည် လေးရက် သတ်မှတ်ရိုက်ချက်ထက် ၁၃ချက်လျှော့ရိုက်နိုင်ခဲ့သည်။ အင်္ဂလန်မှ လူကီဒေါ်နယ်သည် ထိုနေ့က ၇၄ချက်ရိုက်မိ၍ နှစ်ချက်ပိုသွားသဖြင့် စပိန်မှ ဆာဂျီယိုဂါစီယာနှင့် ဩစတြေးလျမှ အဒမ်စကော့တို့နှင့်အတူ စုစုပေါင်းလေးရက် သတ်မှတ်ရိုက်ချက်ထက် ၁၂ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။

တိုက်ဂါးဝုဒ်၏ ယခုဆွတ်ခူးရရှိသော ဖလားသည် ကြီးလေးကြီးပြိုင်ပွဲမှ ဖလားတစ်လုံးဖြစ်သည်။

အောင်ပွဲခံနေသော တိုက်ဂါးဝုဒ်

ကယ်လီဖိုးနီးယား စူပါစတား တိုက်ဂါးဝုဒ်သည် ကြီးလေးကြီးပြိုင်ပွဲပေါင်း ၄၀ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖလားတစ်ဒါဇင် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**တတိယမြောက်**

၎င်းသည် ယခုလအစောပိုင်းက ဗျူးအစ်(ခ်)အိုးပင်းဖလားနှင့်မကြာသေးမီကဗြိတိသျှအိုးပင်းဖလားများဆွတ်ခူးနိုင်ခဲ့ပြီဖြစ်၍ ယခုဖလားသည် ၂၀၀၆ခုနှစ်အတွင်း တတိယမြောက်ဆွတ်ခူးနိုင်ခဲ့သည့်ဖလားဖြစ်သည်။ (အင်တာနက်)

## ကစားပွဲသုံးပွဲပိတ်ပင်မှု ရွန်နေ မကျေနပ် အက်ဖ်အေအား ကူညီနေမှုရုပ်သိမ်းမည်ဟုဆို

မန်ယူတိုက်စစ်မှူး ရွန်နေ

**လန်ဒန် ဩဂုတ် ၂၂**

အင်္ဂလန်တိုက်စစ်မှူးနှင့် မန်ယူတိုက်စစ်မှူးလည်းဖြစ်သူ ရွန်နေက သူ့အား ဘောလုံးပွဲ သုံးပွဲပိတ်ပင်ထားမှုအပေါ် မကျေနပ်သဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အား စီးပွားရေးဆိုင်ရာ ကူညီပေးနေမှုများ ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**ငြင်းပယ်မည်**

အက်ဖ်အေသို့ ရေးသားသည့် ရွန်နေ၏စာတွင် အက်ဖ်အေနှင့် ပတ်သက်ဆက်စပ်နေသော စီးပွားရေးဆိုင်ရာ ကုန်အမှတ်တံဆိပ်များတွင် သူ၏ ရုပ်ပုံများကို ဖော်ပြနေခြင်းနှင့် ပတ်သက်၍ ငြင်းပယ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရွန်နေ၏ သုံးပွဲပယ် ပြစ်ဒဏ်သည် ဩဂုတ် ၂၃ရက်မှ စတင်မည်ဖြစ်ရာ အက်ဖ်အေ၏ ဆုံးဖြတ်ချက်ကြောင့် ရွန်နေစိတ်ပျက်လျက်ရှိသည်။ ရွန်နေသည် ဩဂုတ်၄ ရက်၌ ပေါ်တိုနှင့် ပွဲတွင် ကစားသမားအချင်းချင်း ပြဿနာဖြစ်ခဲ့သဖြင့် ပွဲပယ်ပြစ်ဒဏ်ကို အက်ဖ်အေက ချမှတ်ထားသည်။ နိုင်ငံလက်ရွေးစင်အဖြစ် ဆက်လက် ကစားပေးသွားမည်ဖြစ်သော်လည်း အက်ဖ်အေ၏စီးပွားရေးဆိုင်ရာအစီအစဉ်များတွင် ကူညီပံ့ပိုးမှုများကို ရုပ်သိမ်းသွားရန် အစီအစဉ်ရှိကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။

**ထိခိုက်**

အင်္ဂလန်ဘောလုံးအသင်း နည်းပြသစ် မက်ကလာရင်ကလည်း အက်ဖ်အေအနေဖြင့် ယခုကဲ့သို့ ရွန်နေအား ဘောလုံးပွဲသုံးပွဲပိတ်ပင်ခြင်းသည် ဆက်ဆံရေးကို ထိခိုက်မှုဖြစ်စေကြောင်း ပြောကြားသည်။

ရွန်နေသည် ၂၀၀၆ကမ္ဘာ့ဖလားပွဲတွင် ပေါ်တူဂီနှင့် ကစားခဲ့ရသောပွဲ၌ ပြဿနာဖြစ်ပွားခဲ့သဖြင့် နိုင်ငံတကာဘောလုံးပွဲ နှစ်ပွဲကစားခွင့်ပိတ်ပင်ခြင်းလည်းခံနေရသူဖြစ်သည်။ ထို့ကြောင့် ရွန်နေသည် လာမည့်လ၌ ကစားရမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် အင်ဒိုရာနှင့် မက်ဆီဒိုးနီးယား အသင်းတို့နှင့် ကစားရမည့်ပွဲများ၌လည်း အင်္ဂလန်အသင်းတွင် ပါဝင်ကစားခွင့်ရမည်မဟုတ်ကြောင်း သိရသည်။

(အင်တာနက်)

## တိုက်စစ်မှူးလာဆင် ရဲတပ်ဖွဲ့၏စစ်ဆေးမှုနှင့် ရင်ဆိုင်ရမည်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

စတော့ဟုမ်း ဩဂုတ် ၂၂

**ဟယ်ဆင်ဘော့တိုက်စစ်မှူး ဟင်နရစ်လာဆင်သည် ဘောလုံးပွဲစဉ်တစ်ခု၌ တစ်ဖက်အသင်းကစားသမားတစ်ဦးအား လက်သီးနှင့် ထိုးလိုက်သည့်ပြစ်မှုအတွက် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဆွီဒင်မီဒီယာများက ဩဂုတ်၂၀ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။**



တိုက်စစ်မှူး ဟင်နရစ်လာဆင်

ဆွီဒင်ဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အီလ်စဘော့အသင်းနှင့် ကစားသည့်ပွဲတွင် လာဆင်က အီလ်စဘော့အသင်းနောက်တန်းခံစစ်မှူး ဂျွန်ဂျွန်ဆင်၏ ဝမ်းဗိုက်အား လက်သီးနှင့်ထိုးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ဖြစ်ပွားမှုမှာ ပထမပိုင်း ပွဲချိန်အတွင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

**မတော်တဆသတ်မှတ်**

ပရိသတ်တစ်ဦးက မတော်တဆဖြစ်ရပ်သာဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကွင်းလယ်ဒိုင်လူကြီးကလည်း မတော်တဆဖြစ်ရပ်အဖြစ် သတ်မှတ်ခဲ့သည်။ ထိုသို့ဖြစ်ပွားပြီးနောက် လာဆင်က ဟယ်ဆင်ဘော့အသင်းအတွက် ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။

**အနိုင်ရခဲ့**

ထိုပွဲတွင် ပွဲချိန်ပြည့်ပြီး အချိန်ပိုကစားပြီးသည်အထိ တစ်ဖက်လေးဂိုးစီ သရေပွဲဖြစ်နေသဖြင့် ပယ်နယ်တီအပြိုင်ကန်သွင်းရာ ဟယ်ဆင်ဘော့ အသင်း အနိုင်ရရှိခဲ့သည်။

(အင်တာနက်)

## အင်တာမီလန်မှ ပီဇာရို ရိုးမားသို့ ပြောင်းမည်

ဒေးဗစ်ပီဇာရို

**ရောမ ဩဂုတ် ၂၂**

ချီလီ ကွင်းလယ်ကစားသမားနှင့် အင်တာမီလန်ကွင်းလယ် ဘောလုံးသမားဖြစ်သူ ဒေးဗစ်ပီဇာရိုသည် လက်ရှိ ကစားနေသော အင်တာမီလန်အသင်းမှ ရိုးမားအသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်သည်။

**သဘောတူညီ**

အသက် ၂၆နှစ်အရွယ် ဒေးဗစ်ပီဇာရိုသည် အင်တာမီလန်နှင့် ရိုးမားအသင်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ပြောင်းရွှေ့ရေးကိစ္စကို သဘောတူညီလိုက်ကြခြင်းဖြစ်သည်။

**စာချုပ်မည်**

ထိုသို့ ပီဇာရိုပြောင်းရွှေ့ရေးအတွက် ရိုးမားအသင်းက ယူရိုငွေ ၆ဒသမ ၅သန်း ပေးရမည်ဖြစ်ပြီး လေးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။ အင်တာမီလန် ကလပ်ကဲ့သို့သော အသင်းမှ ပြောင်းရွှေ့ရေးမှာ မလွယ်ကူကြောင်း၊ အင်တာမီလန်၌ မိမိပျော်ကြောင်း၊ သို့သော်လည်း ရိုးမားတို့က မိမိကိုလွန်စွာအလိုရှိနေကြကြောင်း ပီဇာရိုက ပြောကြားသည်။

**ကစားပေးခဲ့**

ရိုးမားက ပီဇာရို၏ လစာနှင့်ပတ်သက်၍တစ်စုံတစ်ရာသတင်းထုတ်ပြန်ခြင်းမရှိချေ။ ပီဇာရိုသည် အင်တာမီလန်အသင်းတွင် ပြီးခဲ့သည့် ဘောလုံးရာသီတစ်ရာသီ ကစားခဲ့သူဖြစ်သည်။ အင်တာမီလန်အတွက် ၂၃ပွဲ ကစားခဲ့ရာ တစ်ဂိုးသာ သွင်းယူပေးခဲ့သည်။

(အင်တာနက်)

စိန်ရွှေရတနာဆိုင်

ဖုန်း ၀၁-၅၃၆၁၀၀၈၊ ၅၃၉၅၁၂

ဝန်ထမ်းအလိုရှိသည်။

FRONT OFFICE
1. Asst. Manager (night) — Male (1) Post
2. Receptionist (Supervisor) — Female (2) Post
3. Receptionist — Male (2), F (2) Post
4. Doorman — Male (2) Post

F & B Department
1. Head Waiter — Male (2)
2. Waiter — Male (2)
3. Chief cook — Male (2)

Housekeeping Department
1. Room Supervisor — Male (2)
2. Room boy — Male (2)
3. Room maid — Female (4)
4. Laundry (Linen) — Female (2)
5. Cleaner — Female (2)

Account Department
1. Accountant (B.com - LCCI) Female (1) Post

Maintenance Department
1. Maintenance — Male (2) Post
2. Security (day/ night) — Male (2) Post

Sweet Hotel

Ph: 539152, 536023

## ဆားကြိတ်စက်နှင့် ဆားအရောင်းဆိုင်များ အိုင်အိုဒင်းပါဝင်မှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

ပေါက်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်အေးနှင့်ဒုတိယဦးစီးမှူး ဒေါ်စိန်နှင်းအေးတို့ ဦးဆောင်သည့်ဝန်ထမ်းများသည် ဩဂုတ် ၉ရက်က ပေါက်တောမြို့ရှိ ဆားကြိတ်စက်များ၊ ဆားအရောင်းဆိုင်များ၊ စားသောက်ဆိုင်များသို့ သွားရောက်ပြီး ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုအခြေအနေကို စမ်းသပ်ကြည့်ရှုစစ်ဆေးပြီး အိုင်အိုဒင်းဓာတ်ပါဝင်သည့် ဆားများကိုသာ ထုတ်လုပ်ရောင်းချ စားသုံးကြစေရန် စည်းရုံးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

7DAY NEWS JOURNAL

**ရွာရန်ရာနှုန်း ၈၀**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

For 2007 April Exam Series

KMD Computer Centre

LCCI Accounting Course

Level I + II (Book-keeping & Accounts)

Commencing Date ··· 31 August, 2006 (Thur - Fri) 9:00 to 11:00

Duration (5) Months

## ကိုစိုးသီဟနှင့်မခင်သီတာဝင်း(မင်္ဂလာဈေး)သိစေရန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထ/၈၂၊ ကန်တော်ကြီးလုံးချင်းအိမ်ရာအရှေ့ခြမ်း၊ **"မန်းသီရိမေနှင့်ရွှေကျုံး"** မန္တလေးအထူးချုပ် ဖိနပ်လုပ်ငန်းပိုင်ရှင် ဒေါ်ခင်မာရီ(DS-၀၄၀၂၄၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒုတိယထပ်၊ ဆိုင်အမှတ် ၅၄၆၊ မင်္ဂလာဈေးတွင် ဖိနပ်ဆိုင်ခန်းဖွင့်လှစ်ရောင်းချနေသော ကိုစိုးသီဟ ၇/ပခန(နိုင်)၁၉၂၇၆၇နှင့်ဇနီး မခင်သီတာဝင်း ၇/တငန(နိုင်)၁၁၃၂၇၄တို့သည် **"မန်းသီရိမေနှင့် ရွှေကျုံး"**ဖိနပ်လုပ်ငန်းပိုင်ရှင် ဒေါ်ခင်မာရီထံမှ ယုံကြည်စွာအပ်နှံခဲ့သော တန်ဖိုးကျပ် ၃၁၅၄၀၀ရှိသော ဖိနပ်မျိုးစုံနှင့် တန်ဖိုးကျပ် ၃၀၀၀၀၀၀တန်ဖိုးရှိသော ဖိနပ်မျိုးစုံကိုရောင်းချပေးရန် ယူဆောင်ထားရာ ဒေါ်ခင်မာရီက အကြိမ်ကြိမ်ဆက်သွယ်တောင်းယူသော်လည်း ယခုအချိန်အထိ ပြန်လည်ပေးဆပ်ခြင်းမရှိပါသဖြင့် ယခုကြေညာသောရက်မှ ခုနစ်ရက်အတွင်း ထ/၈၂၊ ကန်တော်ကြီးလုံးချင်းအိမ်ရာအရှေ့ခြမ်း မန္တလေးမြို့ **"မန်းသီရိမေနှင့် ရွှေကျုံး"** ဖိနပ်လုပ်ငန်းပိုင်ရှင် ဒေါ်ခင်မာရီထံသို့ လာရောက်ဖြေရှင်းပါရန်နှင့် ဖြေရှင်းခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးတော်မှ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးအောင်ကျော်ကျော်(LL.B, Dip in IT)**
**အထက်တန်းရှေ့နေ။**

**ရွာရန်ရာနှုန်း ၆၀**

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

## နယ်စပ်/စည်ပင်ဗဟိုလေ့ကျင့်ရေးကျောင်း၌ သင်တန်းဖွင့်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယမန်နေ့နံနက် ၈နာရီခွဲက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၂)နှင့်(၁၃)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၄)နှင့် (၄၅) သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

**တက်ရောက်**

သင်တန်းများဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၂)နှင့်(၁၃)တို့တွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ၆၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၄)တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသူ ၆၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၅)တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသူ ၁၅၀ တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖိတ်ခေါ်ခရီးကြမ်းကားမောင်းပြိုင်ပွဲ မြန်မာအမျိုးသမီး မမြသောင်းဝေ အနိုင်ရဖိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၂

Ortev International က ကြီးမှူး၍ အာရှနိုင်ငံများကို ဖြတ်သန်းပြီး အန္တရာယ်နှင့် အခက်အခဲများကိုကျော်ဖြတ်ကာ ခုနစ်ရက်တိုင်တိုင် မောင်းနှင်ရသည့် Asia Cross Country Rally ဖိတ်ခေါ်ခရီးကြမ်း ကားမောင်းပြိုင်ပွဲကို ၂၀၀၆ခုနှစ် ဩဂုတ် ၆ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီး မမြသောင်းဝေ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရဖိုလ်စွဲခဲ့သည်။

ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများကို ဖြတ်ကျော်ပြီး ၂၅၁၃ ဒသမ ၃ ကီလိုမီတာ ကွာဝေးသည့် ခရီးကြမ်းတွင် ၁၄၂၈ ဒသမ ၀၄ကီလိုမီတာသည် ကားလမ်းခရီးဖြစ်ပြီး ၁၀၈၅ ဒသမ ၂၆ကီလိုမီတာသည် အန္တရာယ်နှင့် အခက်အခဲများရှိသော ခရီးကြမ်းလမ်းဖြစ်သည်။

မမြသောင်းဝေသည် မစ်ဆူဘီရှီ STRADA ကားကို ငှားရမ်းပြီးလမ်းပြ Navigator မြန်မာအမျိုးသမီး မသီတဂူဆန်း၏အကူအညီဖြင့် ပြိုင်ပွဲကို ခရီးစဉ်ပြီးဆုံးသည်အထိ မောင်းနှင်ခဲ့သည်။ ခုနစ်ရက်တိုင်တိုင် မောင်းနှင်ခဲ့သည့် ပြိုင်ပွဲရမှတ်များအပြင် မိမိ၏ပြိုင်ဘက်ကားများကို ဖြတ်ကျော်ပန်းဝင်ခဲ့သည့်အတွက် Asia Cross Country Rally, 1st Ladies Award ဆုကိုရရှိပြီး ဖိုလ်စွဲခဲ့သည်။

ယင်းကားမောင်းပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး မလေးရှား၊ ထိုင်း၊ တရုတ်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်စင်ကာပူနိုင်ငံများသို့ အလှည့်ကျဖြတ်သန်းပြီး ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင်ကျင်းပသည့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းလားမြို့များသို့ ဖြတ်သန်းခဲ့သည်။ မမြသောင်းဝေသည် မြန်မာနိုင်ငံမှ ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအမျိုးသမီးဖြစ်ပြီး ပြိုင်ပွဲ ပွဲစဉ်ပြီးဆုံးသည်အထိ ပန်းဝင်မောင်းနှင်ခဲ့သည့် ဆုနှင့် ပြိုင်ဘက်အဖွဲ့များအပေါ် အနိုင်ရဖိုလ်စွဲခဲ့သည့်ဆု နှစ်ဆုတို့ကိုပါ ရရှိခဲ့သည်။

ပြိုင်ပွဲကို ၂၀၀၆ခုနှစ် ဩဂုတ် ၆ရက် ညနေ ၄နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ စတင်ထွက်ခွာခဲ့ပြီး ဩဂုတ် ၁၀ရက် ညနေပိုင်းတွင် လာအိုနိုင်ငံ Pakxe သို့ရောက်ရှိ၍ ဩဂုတ် ၁၂ရက်တွင် ထိုင်းနိုင်ငံ Ubonrachathani ၌ ပန်းဝင်ခဲ့သည်။

**Asia Cross Country Rally ဖိတ်ခေါ် ခရီးကြမ်းကားမောင်းပြိုင်ပွဲတွင် အနိုင်ရဖိုလ်စွဲခဲ့သည့် မမြသောင်းဝေနှင့် လမ်းပြ မသီတဂူဆန်းတို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)

ညဘက်တွင် ကားမောင်းပြိုင်ခြင်းမရှိဘဲ သတ်မှတ်နေရာများတွင် ညအိပ်ရပ်နားကြသည်။ ဩဂုတ် ၁၁ရက်တွင် လာအိုနိုင်ငံအတွင်း ခရီးကြမ်း ဖြတ်သန်းမောင်းနှင်စဉ် နွံထဲတွင် နစ်ကြိမ်နစ်ခဲ့ရာ ခက်ခဲစွာမောင်းနှင်ပြီးတက်ခဲ့ရသည်။ ချောင်းထဲတွင် တစ်ကြိမ်နစ်မြုပ်ခဲ့ရာ ပြိုင်ပွဲဝင်ကားများ၏ အကူအညီဖြင့် ဆွဲတင်ပြီး ဆက်လက်မောင်းနှင်နိုင်ခဲ့သည်။

ပြိုင်ပွဲသို့ ကျား၊မ အဖွဲ့ စုစုပေါင်း ၄၆ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မမြသောင်းဝေမှာ ပြိုင်ပွဲတစ်ခုလုံး၌ အဆင့်(၂၀)အတွင်းသို့ဝင်ရောက်နိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ပြည့်စုံမှုမရှိဘဲ အခက်အခဲ၊ အန္တရာယ်များကို ကျော်ဖြတ်ပြီး မြန်မာပြည်၊ မြန်မာလူမျိုးတို့၏အမျိုးဂုဏ်ကို မြန်မာအမျိုးသမီးများက စွမ်းဆောင်နိုင်သည်ကိုပြသနိုင်ခဲ့ခြင်းဖြစ်သည်။

မမြသောင်းဝေသည် အသက်(၃၄)နှစ်ရှိပြီး PM Co. ၏ မန်နေဂျင်း ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ အမှုဆောင်တစ်ဦးလည်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

# မွန်ပြည်နယ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေး စည်းဝေး တိုင်းမှူး ပိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက် ရည်မှန်းချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းရန်မှာကြား

နေပြည်တော် ဩဂုတ် ၂၂

**၂၀၀၆-၂၀၀၇ခုနှစ် မွန်ပြည်နယ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ရက် မွန်းလွဲ ၁နာရီက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်ဥက္ကဋ္ဌများက ခရိုင်အတွင်း မိုးစပါး၊ မိုးသီးနှံနှင့် ကြက်ဆူ၊ ရော်ဘာ၊ ငရုတ်ကောင်းစိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်က မိုးစပါးလျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေးဆောင်ရွက်မှုများနှင့်ကြက်ဆူပင်ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်အတွင်း စိုက်ပျိုးရေး ရည်မှန်းချက်များ ပြည့်မီကျော်လွန်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် ၂၀၀၆-၂၀၀၇ခုနှစ် မွန်ပြည်နယ်စီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အဆိုပါ ခန်းမ၌ပင် ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး ပြည်နယ်အတွင်းရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## လုပ်ငန်းရှင်များတွေ့ဆုံ

ညနေ ၆ နာရီတွင် တိုင်းမှူးဗိုလ်မှူးချုပ် သက်နိုင်ဝင်းသည် အဆိုပါအောင်ဆန်းခန်းမ၌ပင် အအေးခန်းစက်ရုံလုပ်ငန်းရှင်များနှင့် ကမ်းနီးကမ်းဝေး ရေလုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအန်ကြည်က မွန်ပြည်နယ်အတွင်းအအေးခန်းစက်ရုံများ ရေလုပ်ငန်းရှင်များက ငါးထုတ်လုပ်တင်ပို့မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အအေးခန်းစက်ရုံ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုနှင့် သားငါး ထုတ်လုပ် တင်ပို့ရောင်းချမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

## ကြိုးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူးကတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သားငါးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ်ဦးစိုးကိုကို၊ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးတင်မောင်မြင့်တို့ပါဝင်သောအဖွဲ့ ဩဂုတ် ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

# ကျောင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဟောပြော အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း ရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

**ပဲခူးတိုင်း တောင်ငူမြို့နယ် ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု၊ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ သံလွင်ခန်းမဆောင်၌ ကျင်းပသည်။**

## ဆွေးနွေးဟောပြော

အစီအစဉ်အရ တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး တောင်ငူမြို့နယ် ကျောင်းကျန်းမာရေး တာဝန်ခံဆရာဝန်ဒေါက်တာ ဒေါ်ခင်လေးရီနှင့် အထူးကုဆရာဝန်ကြီးများက ကျောင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကို အသီးသီးရှင်းလင်း ဆွေးနွေးဟောပြောကြသည်။

## ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့်ကျန်းမာရေးဆိုင်ရာဗဟုသုတ ဉာဏ်စမ်းမေးခွန်းပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများ၊ အတန်းလိုက်သန့်ရှင်းရေး ဆုရရှိကြသည့် ဆရာဆရာမများအား အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး မသန်စွမ်း ကျောင်းသား ကလေးငယ်အား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက ဂုဏ်ပြုကျေးဇူးတင်စကား ပြန်လည် ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့်အဖွဲ့ဝင်များသည် ကျောင်းကျန်းမာရေးအဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးကုသပေးနေမှုများ၊ ကျောင်းဈေးဆိုင်ခန်းများ၊ သောက်သုံး ရေကန်နှင့်ယင်လုံအိမ်သာသုံးစွဲမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဧရာဝတီဆောင် စာသင်ခန်းအတွင်း ခင်းကျင်း ပြသထားသော ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု နံရံကပ်စာစောင်၊ ပန်းချီ ပိုစတာ၊ ကာတွန်းနှင့် မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှု အားပေးကြသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ

ထိုမှတစ်ဆင့် အဖွဲ့ဝင်များသည် ကေတုမတီမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ သားဖွားဆောင်တွင် ကိုယ်ဝန်ဆောင်မိခင် ၁၀ဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ ကိုယ်ဝန်ဆောင်အားတိုးဆေးများ၊ ကြက်ဥနှင့်အာဟာရအစားအစာများ ထောက်ပံ့ပေးအပ်ကြသည်။

## ပေးအပ်ဝေငှ

ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဝင်များသည် ကေတုမတီမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးငယ်များ၏ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုအားပေးကာ အာဟာရမုန့်ထုပ်များ ပေးအပ်ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခမ်းအနားမှူး သင်တန်းဖွင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခမ်းအနားမှူး သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါ်သန်းသန်းဝင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော် မြင့်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

အစီအစဉ်အရ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သန်းသန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များနှင့် ကျောင်းသူများ စုစုပေါင်း ၃၅ ဦးတက်ရောက်ကြကြောင်း သိရသည်။ ထိုမှတစ်ဆင့် အဖွဲ့ဝင်များသည် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သွားရောက်၍ သုံးမြွှာပူး၊ နှစ်မြွှာပူး မွေးဖွားသော မိခင်နှင့် မွေးဖွားပြီး မိခင် ၆၇ ဦးတို့အား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမန်းနှင့် ဝန်ထမ်းများ အဖွဲ့ပိုင် မြေနေရာတွင် ဇူလိုင် ၁၇ ရက်က ခြံစည်းရိုး ကြက်ဆူပင် ကြားပေါင်းရှင်းခြင်းနှင့် မီးဖိုချောင်သုံး သီးနှံစိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# မိုးညှင်းမြို့မဈေး၌ ချုံနွယ်ရှင်းလင်း

**မိုးညှင်း ဩဂုတ် ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မိုးညှင်းမြို့ မြို့မဈေးအရှေ့ခြမ်း နန့်ရှင်းချောင်းဘေး သန့်ရှင်းလှပသာယာစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ငွန်ကီးဦးဆောင်သော စည်ပင်သာယာရေးဝန်ထမ်းများစုပေါင်း၍ ဩဂုတ် ၁၀ရက်နံနက်ပိုင်းက ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကိုဆောင်ရွက်ကြပြီး ပန်းအလှပင်များ စိုက်ပျိုးကြသည်။

အဆိုပါ လုပ်ငန်းခွင်သို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးညွန့်က လိုက်လံကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ **(၁၅၂)**

**ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဩဂုတ် ၅ရက်က မြို့အဝင်ဆိုင်းဘုတ်၌ ပန်းအလှပင် စိုက်ပျိုးခြင်း၊ မြေယာရှုခင်း အလှပြုပြင်ခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအေးဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုလက်တွေ့လုပ်ငန်းပညာသင်တန်းကျောင်း စက်ချုပ်၊ သိုးမွေးစက်ဆွဲနှင့် ကနုကမာကျောက်စီပန်းချီသင်တန်းဆင်း

ဟားခါး ဩဂုတ် ၂၂

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု လက်တွေ့လုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံစက်ချုပ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၃၁)၊ အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁၄)၊ သိုးမွေးစက်ဆွဲ သင်တန်း၊ ကနုကမာကျောက်စီ ပန်းချီသင်တန်းနှင့် လက်ရက်ကန်းသင်တန်း အမှတ်စဉ်(၆)ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီက ဟားခါးမြို့ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ပြည်နယ် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်း သူများ တက်ရောက်ကြသည်။

## အမှာစကားပြော

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းအလိုက် ထူးချွန်ဆုရသူ များအား ဆုများကိုလည်းကောင်း၊ သင်တန်းကျောင်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်လှေထန်က သင်တန်း ဆင်းလက်မှတ်များကို သင်တန်းသူတစ်ဦးအားလည်းကောင်း ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဟားခါး–သီဖုးလ်ကားလမ်း ဘေးဝဲယာတစ်ကွင်းတစ်စပ်တည်း လက်ဖက်စိုက်ဧက ၇၀၀ စိုက်ခင်းလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လက်ဖက်စိုက် တောင်သူများနှင့် လက်ဖက်စိုက်ခင်း ကြီးကြပ်သူများအား လက်ဖက်စိုက်ခင်းအတွင်း ပေါင်းပင် များ ရှင်းလင်းရေး၊ အပင်များ ဖြစ်ထွန်းအောင် အထူး ဂရုပြုရေး၊ ကွန်တိုလိုင်းများ ညီညာအောင်ဖော်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ ဩဂုတ်၄ရက်က မိုးညှင်း ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဖွင့်လှစ်သော တိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲတွင် ပြသထားသည့် ဆေးဖက်ဝင် တိုင်းရင်းဆေးပင်များ စိုက်ပျိုးထားရှိမှုကို လေ့လာကြည့်ရှုကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# မွန်ပြည်နယ် မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်းခွဲ နှစ်ပတ်လည်စည်းဝေး၊ ညီလာခံအတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၂

**မြန်မာနိုင်ငံ ကျန်းမာရေးမှူးများ အသင်းခွဲ မွန်ပြည်နယ်၏ နှစ်ပတ်လည် အစည်းအဝေး၊ အလှူငွေပေးအပ်ပွဲနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း သတ္တမအကြိမ်ညီလာခံ အတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၂ရက်က မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားသည်။**

## ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံကျန်းမာ ရေးမှူးများ အသင်းခွဲ မွန်ပြည်နယ်၏ အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဥက္ကဋ္ဌဦးကရင်က ဖတ်ကြားတင်သွင်း ၍ အစည်းအဝေးက အတည်ပြုပြီး မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း ဥက္ကဋ္ဌဦးအေးမြင့်နှင့် မွန်ပြည်နယ် အထူးရောဂါနှိမ်နင်းရေးအဖွဲ့ ကြီးကြပ် အုပ်ချုပ်သူဦးနိုင်မြင့်မိုးတို့က အလှူငွေ များကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးကရင်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ ကျန်း မာရေးမှူးများအသင်း သတ္တမအကြိမ် ညီလာခံ အတွေ့အကြုံ ထပ်ဆင့်ရှင်း လင်းပွဲကို ကျင်းပရာ ညီလာခံကိုယ် စားလှယ် ဦးမင်းနိုင်နှင့် ဦးဝင်းကြည် တို့က ရှင်းလင်း တင်ပြကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ) (သတင်းစဉ်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# အများပြည်သူသွားလာမှု လွယ်ကူစေရေးအလေးထား ရွှေတောင်–ရွှေနတ်တောင်လမ်းပေါ်ရှိ တံတားပြင်ဆင်

**ရွှေတောင် ဩဂုတ် ၁၂**

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးဝင်းကျော်မျိုးသည် ဩဂုတ် ၃ ရက်က ရွှေတောင်မြို့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရွှေတောင်– ရွှေနတ်တောင် ကျေးလက်လမ်းပေါ်ရှိ ကုက္ကိုတောတံတားပြင်ဆင် ဆောက် လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်လွင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။**(အောက်ပုံ)**

## အလေးထားဆောင်ရွက်

အဆိုပါတံတားမှာအရှည် ၂၆ ပေ၊ အကျယ် ၁၄ ပေရှိ ကျေးလက်သစ်သား တံတားဖြစ်၍ ကျီးသဲ–ရွှေနတ်တောင်လမ်းနှင့် ညောင်စာရေး–ရွှေနတ်တောင် လမ်းတို့နှင့် ဆက်စပ်လျက်ရှိသော ရွှေတောင်– ရွှေနတ်တောင်လမ်းပေါ်ရှိ တံတားဖြစ်သဖြင့် လုပ်ငန်းအမြန်ပြီးစီးရေး၊ တံတားအရည်အသွေးပြည့်မီရေးနှင့် တံတားဆောက်လုပ်နေစဉ် အများ ပြည်သူများ သွားလာမှုလွယ်ကူစေရေးတို့အတွက် အလေးထားဆောင် ရွက်ရန် မှာကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

**ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း၏ ကြီးကြပ်မှုဖြင့် ဖျောက်ဆိပ်ပင်ကျေးရွာတွင် လေးလက်မ စက်ရေတွင်းကို ဇူလိုင် ၂၀ရက်က စည်ပင်သာယာရေးဦးစီးဌာနပိုင် တွင်းတူးစက်ဖြင့် အင်ဂျင်နီယာမှူးဒေါ်ချိုချိုခင်နှင့် လက်ထောက်အင်ဂျင် နီယာ ဦးရဲကျော်သူတို့ ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ တူးဖော်ကြစဉ်။** (မြို့နယ်စည်ပင်)

**တိုက်ကြီးမြို့သန့်ရှင်းသာယာ လှပရေးအတွက် ဇူလိုင် ၂၆ ရက်က ရန်ကုန်–ပြည်လမ်း ဘေးဝဲယာ တစ်လျှောက်ရှိ ပေါင်းမြက်ရှင်း လင်းခြင်း လုပ်ငန်းကို စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိဦးတင်ဝင်း ကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

# ကလေးမြို့နယ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ကလေး ဩဂုတ် ၁၀**

ကလေးမြို့နယ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီခွဲက ကလေးမြို့ တာဟန်းရပ်ကွက် ကျုန်စစ်သား လမ်းနှင့် တောင်ဖီလာဂေါက်ကွင်းလမ်းတွင် ကျင်းပသည်။

## စိုက်ပျိုး

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်းများ စုစုပေါင်း အင်အား ၁၀၀၀ခန့်တို့က အပင်ပေါင်း ၁၀၀၀ ကျော်ကို စိုက်ပျိုးပေးကြသည်။ **(၄၁၇)**

# ဒိုက်နှင့်ရေမြောင်းများ ဆယ်ယူရှင်းလင်း

**ညောင်ရွှေ ဩဂုတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင် ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးမောင်တိုးနှင့် လက် ထောက်အင်ဂျင်နီယာဦးခင်မောင်တိုးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဇူလိုင်၂၇ရက် က ညောင်ရွှေမြို့အဝင် လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ချုံနွယ်ပိတ်ပေါင်းများ နှင့် မြို့တွင်းမြို့ပြင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် သာစည် ကန်ကြီးတွင် ဒိုက်နှင့် ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများက ဆောင် ရွက်ကြသည်။ **(၀၂၇)**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှလွဲ၍ မည်သည့်နိုင်ငံတွင်မျှမရှိသော **'သီဟာသနပလ္လင်ကြီး'**၊ မြန်မာ့ရေမြေ ပိုင်နက်မှရရှိသော အဖိုးတန်ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသည့် မင်းခမ်းမင်းနားသုံး **'တော်ဝင် ရွှေထည်ပစ္စည်းများ'**၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့်တကွ ခေတ်အဆက်ဆက်ယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများကို တစ်နေရာတည်းစုံလင်စွာ ကြည့်ရှု လေ့လာနိုင်ရန် အမျိုးသားပြတိုက်ကြီးကို နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။

**အမျိုးသားပြတိုက်**

**အမှတ် ၆၆/၇၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း ဖုန်း-၃၇၁၅၄၀၊ ၃၇၈၆၅၂။**

| | **နိုင်ငံသား** | **နိုင်ငံခြားသား** |
|---|---|---|
| လူကြီး | ကျပ် ၂၀၀ | EURO/FEC/US$ 5 |
| ကလေး/ကျောင်းသား | ကျပ် ၁၀၀ | EURO/FEC/US$ 5 |
| သံဃာတော်/သီလရှင် | ကျပ် ၁၀၀ | |

**ဖွင့်ချိန် - နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိ**

**ဖခင်အမည်မှန်**

ပဲခူးတိုင်း ထန်းတပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်သက်မှူးကျော်နှင့် ပဥ္စမတန်း (E) မှ မောင်ဇာနည်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလေးဖြစ်ပါကြောင်း။ **ဦးကိုကိုလေး ၇/ထတပ (နိုင်) ဝ၀၆၀၈၆။**

**ဖခင်အမည်မှန်**

အင်းစိန်မြို့နယ် အထက(၃) တက္ကသိုလ်ဝင်တန်း(C) မှ မောင်ညီညီလွင်၏ ဖခင်အမည်မှန် မှာဦးစိုးဝင်း ၁၄/ရကန (နိုင်) ၀၁၈၇၀၁ ဖြစ်ပါသည်။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတိုးချဲ့ဆောက်အလှူရှင်များ

[illegible]

**ကျေးဇူးဆပ်ပါမည်** ကျွန်တော်၏ မော်တော်ယာဉ်အမှတ် လ/၆၁၃၇ ၏ ဝယ်ခွန်ကျေပုံစံ(၁)မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
**ဦးစိုးသိန်း(ခ)မျိုးနောင် ဖုန်း-၅၅၇၅၇၁။**

# သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမ အမှတ်(၁၅/B)ဟု လိပ်စာခေါ်တွင်သော နှစ်ထပ်တိုက်(အိမ်ခန်းများ၌ အပျောက်အိမ်ငှားများ နေထိုင်လျက် ရှိသည်။) အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၇၉) မြေကွက်အမှတ် $\frac{၈-B}{၃၃-A}$၊ ဧရိယာဝဒသမ ၀၃၉ ဧကရှိ မြေပိုင်မြေကွက်တို့သည် ဒေါ်တင်ရီနှင့် သားသမီးငါးဦးတို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်ပါသည်။

ဒေါ်တင်ရီသည် မုဆိုးမဘဝဖြင့် ၃-၁၂-၂၀၀၅ရက်နေ့က ကွယ်လွန်သွားပြီး၊ ၎င်းယခင် ခေတ္တနေထိုင်ခဲ့ဖူးသည့် သမီးဒေါ်မြင့်မြင့်ကြည်၏ နေအိမ်ဖြစ်သော အမှတ်(၄၂)၊ ၄လွှာ၊ မလွှကုန်းလမ်း၊ ကျောက်မြောင်းနေအိမ်၌ ပိုင်ဆိုင်မှုအဆက်အစပ် စာရွက်စာတမ်း အရပ်ရပ်နှင့် မိသားစုသက်ဆိုင်သော စာရွက်စာတမ်းများ ကျန်ရစ်ခဲ့ပါသည်။

အဆိုပါပစ္စည်းသည် မိခင်ဒေါ်တင်ရီ ကွယ်လွန်ချိန်မှစ၍ အမည်ပေါက် ကျန်ရစ်သော သားသမီးများဖြစ်ကြသည့် (၁) ဒေါ်ခင်စန်းဝေ၊ (၂) ဒေါ်ခင်သန်းအေး၊ (၃) ဒေါ်ခင်သန်းဝင်း၊ (၄) ဒေါ်မြင့်မြင့်ကြည်နှင့် (၅) ဦးအောင်သက်တို့ မောင်နှမငါးဦးက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ပူးတွဲ၍ ပိုင်ဆိုင်လျက်ရှိကြပါသည်။

သို့ဖြစ်ပါသောကြောင့် မောင်နှမငါးဦးစလုံး အစုံအလင် စာဖြင့်ရေးသားသော ခွင့်ပြုချက် မရရှိဘဲ၊ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ တစ်စုံတစ်ရာဆောင်ရွက်ခြင်းအလျဉ်းမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

၁။ ဒေါ်ခင်စန်းဝေ (D/RGN-၀၀၈၂၄၆)
၂။ ဒေါ်ခင်သန်းအေး (D/RGN-၀၁၂၃၆၆)
၃။ ဒေါ်ခင်သန်းဝင်း (**D/RGN**-၀၁၂၃၆၇)တို့၏

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးမျိုးဟန်၊ ဦးလှမင်း၊ ဒေါ်ခင်မာလာကြည်**
**တရားရုံးချုပ်ရှေ့နေများ**
**(၁၇၀) ဒုတိယထပ်၊ ၃၃လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်နေ ဒေါ်တင်မြင့် ၃/ကကရ(နိုင်)၀၁၂၀၈၁ သည် အောက်ဖော်ပြပါ မတင်မြင့်(မြဝတီ)ကြယ်တံစဉ်ပုံသဏ္ဍာန်အမှတ်အသားနှင့် အမှတ်တံဆိပ်ကို မြဝတီမြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၅၄/၂၀၀၆)ဖြင့် ဖက်ဖြူဆေးလိပ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

ထိုတံဆိပ်အမှတ်အသားကို ဖက်ဖြူဆေးလိပ်၏ အောက်ခြေတွင် ကပ်နှိပ်၍ ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်စန္ဒာသိန်း**
**တရားရုံးချုပ်ရှေ့နေ စဉ်-၄၄၉၂၊**
**အမှတ် ၈၊ မြစေတီလမ်း၊**
**စက်သစ်ရပ်၊ မြို့မ(၁)**
**မုဒုံမြို့၊ မွန်ပြည်နယ်။**

# ကြော်ငြာစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**
**ရွှေဘိုခရိုင်တရားမရုံးတော်၌**

၂၀၀၆ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် ၈ ကွယ်လွန်သူ ဒေါ်မယ်မ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် ပျဉ်ဈေးရပ်၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မယ်မ၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ၁။ ဦးခင်ညို ၂။ ဒေါ်အမာက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၉ရက်( ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်မယ်မ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၆ခုနှစ် အောက်တိုဘာလ ၉ရက် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခု မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ၁။ ဦးခင်ညို ၂။ ဒေါ်အမာတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်လင်းလင်း(တ/၁၇၈၂)**
**ဒုတိယခရိုင်တရားသူကြီး(၁)၊ ခရိုင်တရားမတရားသူကြီး။**

# မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှား လွိုင်ကော်ဆေးရုံသို့ ဆေးပဒေသာပင်လှူဒါန်း

လွိုင်ကော် ဩဂုတ် ၁၂

**ကယားပြည်နယ် ၂၀၀၆ ခုနှစ်(၁၅)ကြိမ်မြောက်ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၇ ရက်က လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေနှင့် ဇနီးတို့က ၂လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်၁၇သိန်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်းတို့ကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ချိုချိုသန်းက မိခင်နို့စနစ်တကျ တိုက်ကျွေးမှုတွင် ဆန်းစစ်ရာ ပထမ၊ဒုတိယ၊တတိယဆုရရှိသောမိခင်များအား ဆုပေးအပ်သည်။**(အပေါ်ပုံ)**

ဆက်လက်၍ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့သည် သားဖွားနှင့် မီးယပ်ဆောင်အတွက် ဆေးနှင့် ထောက်ပံ့ကြေးငွေများ၊ အခြေခံပညာမူလတန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ စာသင်ခုံများ၊ အဝတ်အထည်များ ပေးလှူဒါန်းပွဲများသို့ တက်ရောက် ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**(တော်သလင်းလဆန်း ၂ ရက်)**
**၂၄-၈-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

**နေ့လယ်ပိုင်း**

၁၀:၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ (ခေတ်ဟောင်း/ကာလပေါ်)
- အဆင့်မြင့်ပညာအဆင့်-အမျိုးသမီး
  - (၁) ရတနာသုံးဆူ-ရီရီသန့်
- အခြေခံပညာဆင့် (၁၅-၂၀) အမျိုးသား
  - (၁) လူချွန်လူကောင်း-ကိုအံ့ကြီး
  - (၂) စိန္တာမဏိ-စောင်းဦးဘသန်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (စုပါကောင်းနို့စားနွား မွေးမြူရေးလုပ်ငန်း)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) လောကသဘာဝ ရယ်စရာများ (ဒေါက်တာသိန်းလွင်)
(၂) ဧကန်မလွဲအောင်ပွဲဆီသို့-မိုးဟိန်း (သားဂျာနယ်ကျော်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ဦးနှောက်အစွမ်း-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ (သပြုသီး)
၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အချစ်ခုနစ်ကိုယ်ခွဲ
(၂) အချစ်ခုနစ်ကိုယ်မခွဲတတ်ပါ
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Better English
၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ဆေးလိပ်ကလေးတစ်တို)
၁၉:၄၀ ခေတ်မရွေးသောတေးများ
(၁) မေတ္တာကမ္ဘာများဖြင့် မခြားလိုတယ်-ကိုသန်းလှိုင်
(၂) ပင်မြက်ကလေး-ရီရီလေး
(၃) အချစ်ရေ-စောင်းသိန်းဖေ
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မိုးနဲ့အတူချစ်ရသူ
(၂) ဟိတ်မှာလိုလို ဟန်လိုလို
(၃) မေတ္တာသည်သာအလှပါ

**ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်းကုသိုလ်ဖြစ် ဆေးခန်းအာယုဒါနအလှူတော်အတွက် လသာမြို့နယ် ရွှေဥရတနာရွှေဆိုင် မိသားစုက အလှူတော် ငွေကျပ် နှစ်သိန်းကို ဆက်ကပ် လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

# ကျောင်းကျန်းမာရေး ပညာပေးဟောပြော သိကောင်းစရာများနှင့် သွားတိုက်နည်းရှင်းလင်း

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၈**

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေး စစ်ဆေးကုသပွဲနှင့် ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲကို မော်လမြိုင်ကျွန်းမြို့ ၁၄လမ်း မူလတန်းကျောင်းတွင် ဩဂုတ် ၁၈ရက် နံနက် ၁၁ နာရီက ကျင်းပရာ ကျောင်းကျန်းမာရေး အဖွဲ့ခေါင်းဆောင် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာအေးအေးမော်နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**ဟောပြော**

ယင်းနောက် ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင်သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာအေးအေးမော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် စနစ်မှန် သွားတိုက်နည်းအကြောင်းကို ရှင်းလင်း ဟောပြောပြသကြသည်။ **(ဝဲပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးဟန်မြင့်နှင့် ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသူကျောင်းသားများအား ကျောင်းတွင်း အာဟာရ ကျွေးမွေးကြသည်။ **(ဝ၉၇)**

**မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သာယာလှပရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေးနှင့် အဖွဲ့ရုံးရှေ့ပန်းအလှပင်များအတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်း လုပ်ငန်းများကို ဇူလိုင် ၂၅ ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့ ကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

## ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# သစ်သီးဝလံများ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီး စနစ်တကျသိုလှောင်၊ ထုပ်ပိုး ပို့ဆောင်နိုင်အောင် ကြိုးပမ်း ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဈေးများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ၊ အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ တည်ငင်းကုန်းကုန်စိမ်းဈေးနှင့် အင်းစိန်မြို့နယ် ဗဟိုလမ်းရှိ ဟင်းသီးဟင်းရွက် အအေးခန်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

### ဩဂုတ် ၂၂ ရက်၌ မိုးရွာသွန်းလေသမျှ

| | | | | |
|---|---|---|---|---|
| နေပြည်တော် | ၀ | ဒသမ | ၃၅ | လက်မ |
| ကျောက်တော် | ၃ | ဒသမ | ၀၃ | လက်မ |
| ပူတာအို | ၂ | ဒသမ | ၃၂ | လက်မ |
| မောင်တော | ၂ | ဒသမ | ၂၉ | လက်မ |
| သထုံ | ၂ | ဒသမ | ၂၁ | လက်မ |
| ဘားအံ | ၁ | ဒသမ | ၇၄ | လက်မ |
| မှော်ဘီ | ၁ | ဒသမ | ၆၉ | လက်မ |

# ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းရှိ နမ္မတီးတံတား( ကံလှ ) ဖွင့်လှစ် မန္တလေးမှ မြစ်ကြီးနား-ဗန်းမော်-တရုတ်ပြည်နယ်စပ်၊ မြစ်ကြီးနားမှ နမ္မတီး-နန်းယွန်း-အိန္ဒိယနယ်စပ်အထိ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု သွက်လက်လာတော့မည်

ရန်ကုန် ဩဂုတ် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းရှိ နမ္မတီးချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် နမ္မတီးတံတား(ကံလှ)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီ မိနစ် ၄၀ တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

## နမ္မတီးတံတား(ကံလှ)

နမ္မတီးတံတား( ကံလှ )၏ တံတားအမျိုးအစားမှာ တံတားအောက်ထည်သည် အုတ်မြစ် သံကူကွန်ကရစ် ရေတွင်းခွေ၊ တံတားအပေါ်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး တံတားအရှည်မှာ ပေ ၂၈၀ ရှိ၍ ယာဉ်သွားလမ်း အကျယ်မှာ ၂၄ ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင်သုံးပေစီပါရှိကာ ခွင့်ပြုယာဉ် အလေးချိန်သည် ယာဉ်တစ်စီးချင်းမှာ တန် ၆၀ ဖြစ်သည်။

မိုးကောင်းမြို့နယ် နမ္မတီးချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားသည့် နမ္မတီးတံတား(ကံလှ)ကို တွေ့ရစဉ်။
(သတင်းစဉ်)